
စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# FAMOUS FACES FAMOUS SPEECHES



အကျော်ကြားဆုံးပုဂ္ဂိုလ်တို့၏ ဘဝရုပ်ပုံလွှာနှင့်

# အထင်ရှားဆုံးမိန့်ခွန်းများ

ချစ်ဦးတင် ဘာသာပြန်ဆိုသည်

mgyoe.com

mgyoe.com


























ချစ်ဦးတင်

အကျော်ကြားဆုံးပုဂ္ဂိုလ်တို့၏
ဘဝရုပ်ပုံလွှာနှင့်

# အထင်ရှားဆုံးမိန့်ခွန်းများ

cot0001
Ks

mgyoe.com

## အကျော်ကြားဆုံးပုဂ္ဂိုလ်တို့၏ ဘဝရုပ်ပုံလွှာနှင့် အထင်ရှားဆုံးမိန့်ခွန်းများ

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၄၇၀၆၀၇ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၁၉၀၃၀၇ တို့ဖြင့်
မျက်နှာဖုံးဒီဇိုင်း m.s.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ မေလတွင် တန်ဖိုး - 2000 K ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကိုဖိအနန် | ၁ |
| ၂။ | အတ္တာဗီဟာရီဗာ့ချ်ပါယီး | ၉ |
| ၃။ | မှူးမတ်သူကောင်းဘွဲ့ခံ ချားလ်စ်စပင်ဆာ | ၁၇ |
| ၄။ | ဝင်စတန်ချာချီ | ၂၅ |
| ၅။ | ဆွာမိဗီဗီကာနန်ဒါ | ၃၃ |
| ၆။ | မစ်ခေးလ်ဂေါ်ဘာချော့ဗ် | ၄၃ |
| ၇။ | ဟီလာရီရော့ဒ်ဟမ်းကလင်တန် | ၅၃ |
| ၈။ | ဂျွန်အက်ဖ်ကနေဒီ | ၆၃ |
| ၉။ | အဒေါ့ဖ်ဟစ်တလာ | ၇၃ |
| ၁၀။ | ဂျိုးဇက်စတာလင် | ၈၃ |
| ၁၁။ | ဗိုလ်ချုပ်ကြီး ဘာနတ်မောင်ဂိုမာရီ | ၉၃ |
| ၁၂။ | ဗလာဒီမာ အိုင်လစ် လီနင် | ၁၀၃ |
| ၁၃။ | အက်ဒွပ်အမ်ကနေဒီ | ၁၁၃ |
| ၁၄။ | ဘာထရန်ရပ်စ်ဆဲလ် | ၁၂၃ |
| ၁၅။ | စစ္စတာနီဗီဒီတာ | ၁၃၃ |
| ၁၆။ | ဝုဒရိုးဝီလ်ဆင် | ၁၄၁ |
| ၁၇။ | ရာဘင်ဒြာနတ်တဂိုး | ၁၅၁ |
| ၁၈။ | လီယွန် ထရော့စကီး | ၁၅၉ |
| ၁၉။ | ဂျိန်း ဖောင်ဒါ | ၁၆၉ |
| ၂၀။ | ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်စ်မက်အာသာ | ၁၇၉ |
| ၂၁။ | ဘင်နစ်တို မူဆိုလိုနီ | ၁၈၉ |
| ၂၂။ | ဝီလျံ(ဘီလ်)အိပ်ချ်ဂိတ်စ် | ၁၉၇ |
| ၂၃။ | မာတင်လူသာကင်း | ၂၀၇ |
| ၂၄။ | ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါလ် | ၂၁၉ |


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ကိုဖီအာနန်



**<u>ထောင်စုနှစ် အစီရင်ခံစာ</u>**

**၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိကျင်းပခဲ့သော ကုလသမဂ္ဂ ထောင်စုနှစ်ညီလာခံအစည်းအဝေးတွင် ပြောကြားသည့်မိန့်ခွန်း။**

- ဂါနာသမ္မတနိုင်ငံ ကူမာဆီမြို့၌ ၁၉၃၈ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် မွေးဖွားခဲ့၊ နာနီအနန်နှင့် လက်ထပ်ခဲ့ပြီး အိမ်ထောင်ရှိသူဖြစ်၊ ဂါနာနိုင်ငံ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့၊
- မာကာလက်စတာ ကောလိပ်[၁၉၆၁]နှင့် ဂျီနီဗာ Institut Universitaire Des Hautes Etudes Internationales တက္ကသိုလ် [၁၉၆၁-၆၂]တို့တွင် နိုင်ငံတကာရေးရာ ဘာသာရပ်များသင်ယူခဲ့၊
- မန်ဆာချူးဆက်ပြည်နယ် နည်းပညာတက္ကသိုလ်[၁၉၇၄-၇၆] တွင် ဆက်လက်ဆည်းပူးလေ့လာခဲ့၊ ဂါနာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီနှင့် ဂါနာနိုင်ငံ ကမ္ဘာလှည့်ခရီးသည် ကြီးကြပ်ထိန်းသိမ်းရေးဘုတ်အဖွဲ့တို့တွင် နှစ်နှစ်လုပ်ကိုင်ခဲ့သည်မှအပ အစိုးရနိုင်ငံတကာအုပ်ချုပ်ရေးဌာနများတွင်သာ တာဝန်ထမ်းဆောင်ခဲ့၊
- သတ္တမမြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်

mgyoe.com

အဖြစ် ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပြီး ဒုတိယသက်တမ်းအတွက် ပြန်လည်ရွေးချယ်ခန့်အပ်ခံရကာ ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆက်လက်ဆောင်ရွက်ဆဲဖြစ်သည်။

- ကိုဖီအနန်အား မာကာလက်စတာကောလိပ်က ၁၉၉၄ ခုနှစ်တွင် ဝန်ထမ်းကောင်းဆုချီးမြှင့်အပ်နှင်း၍ ဂုဏ်ပြုခဲ့သည်။

mgyoe.com

mgyoe.com

## ထောင်စုနှစ်အစီရင်ခံစာ

" ထူးခြားတဲ့ သင်္ကေတလက္ခဏာပြသမှု တစ်စိတ်တစ်ပိုင်းအဖြစ် ၁၉၉၈ ခုနှစ်မှာ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၅၅ ကြိမ်မြောက် ညီလာခံအစည်းအဝေးကို ကုလသမဂ္ဂရဲ့ ထောင်စုနှစ်ညီလာခံကြီးအဖြစ် သတ်မှတ်ကျင်းပဖို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါတယ်။

ထောင်စုနှစ် ထိပ်သီးညီလာခံအစည်းအဝေးကို ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။

ထောင်စုနှစ်ပြက္ခဒိန်အရ ကံအားလျော်စွာ အကြောင်းတိုက်ဆိုင် ကြုံကြိုက်ရမှုထက် ဘာမှမပိုသော်ငြားလည်း ကမ္ဘာ့အစိုးရအဖွဲ့များနဲ့ ပြည်သူများဖြစ်ကြတဲ့သင်တို့အနေနဲ့ ဒီထောင်စုနှစ်ကို လူသားချင်းစာနာမှုလုပ်ငန်းအားလုံးအတွက် ဦးတည်ထင်ဟပ်ကျင်းပမယ့်အခါသမယအဖြစ် ရွေးချယ်ခဲ့ပြီးဖြစ်ပါတယ်။

အကယ်၍ ကျွန်တော်တို့နေထိုင်ဖြတ်သန်းနေရတဲ့ အပြောင်းအလဲတွေကို စကားလုံးတစ်လုံးတည်းနဲ့ အတိုဆုံးအရှင်းဆုံး အနှစ်ချုပ်ပြောရမယ်ဆိုရင် ဒါဟာ ကမ္ဘာလုံးဆိုင်ရာပြုမှုပဲဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ဘယ်တုန်းကနဲ့မှမတူအောင် ဆက်သွယ်နေတဲ့ ကမ္ဘာကြီးတစ်ခုထဲမှာ နေထိုင်ကြတာဖြစ်ပါတယ်။ အုပ်စုအဖွဲ့အစည်းများထဲက အဖွဲ့အစည်းတစ်ခုစီနဲ့ လူတစ်ဦးချင်းတစ်ဦးချင်းဟာ နိုင်ငံနယ်စပ်တွေကိုဖြတ်ကျော်ပြီးတော့သာမကဘဲ ရုံဖန်ရံခါ နိုင်ငံရဲ့ပါဝင်ပတ်သက်မှု

mgyoe.com

mgyoe.com
အလျဉ်းမပါဘဲ ပို၍ပို၍ တိုက်ရိုက်အပြန်အလှန် ဆက်သွယ်နေကြပါတယ်။

ဒီလို ဆက်သွယ်ဆောင်ရွက်ရာမှာ ရာဇဝတ်မှု၊ မူးယစ်ဆေးဝါး၊ အကြမ်းဖက်မှု၊ ရောဂါဘယနဲ့လက်နက် စတဲ့အန္တရာယ်တွေရှိလာပါတယ်။ နောက်ကိုပြန်ဆုတ်ပြီး ပိုမိုလျင်မြန်တဲ့အရှိန်နဲ့ အန္တရာယ်တွေ အတိတ်က ထက် ကြီးထွားများပြားလာတာနဲ့အမျှ လူတွေဟာ သာ၍သာ၍ ခြိမ်းခြောက်မှုကို ခံစားနေရပါတယ်။

ဒါပေမဲ့ ကမ္ဘာလုံးဆိုင်ရာပြုမှုရဲ့ အကျိုးတရားတွေလည်း တစ်ဖက်မှာ သိသိသာသာ ထင်ထင်ရှားရှားရှိနေပါတယ်။ အဲဒါကတော့ လျင်မြန်စွာတိုးတက်လာမှု၊ လူနေမှုအဆင့်အတန်း မြင့်မားလာမှုနဲ့ အခွင့်အလမ်းသစ်တွေပေါ်ထွက်လာခြင်းပါပဲ။ ဒီအကျိုးကျေးဇူးတွေက လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့သာမကဘဲ နိုင်ငံအချင်းချင်းနဲ့ ဘုံစုပေါင်းလှုပ်ရှားဆောင်ရွက်မှုတွေမှာပါ နားလည်မှုပိုမိုရရှိလာစေပါတယ်။

ပြဿနာတစ်ခုကတော့ လက်ရှိ ပစ္စက္ခအချိန်မှာ အဲဒီအခွင့်အလမ်းတွေကို ညီညီမျှမျှပြန့်ပွားသွားအောင် မပေးဝေနိုင်သေးခြင်းပါပဲ။ လူသားမျိုးနွယ်ထက်ဝက်မျှ တယ်လီဖုန်းပြောခွင့် သို့မဟုတ် လက်ခံပြောကြားနိုင်ခြင်းမရှိသေးတာ၊ ကွန်ပျူတာတစ်မျိုးတည်းကိုသာ အသုံးပြုခွင့်ရနေစေတာတွေ ကမ္ဘာလုံးဆိုင်ရာပြုမှုမှာ တစ်စိတ်တစ်ပိုင်းပါဝင်နေတာကို ကျွန်တော်တို့ ဘယ်လိုပြောရမလဲ။ သူတို့တွေရဲ့ ဆင်းရဲတွင်းနက်မှုကို ထည့်မတွက်ဘဲ ကျွန်တော်တို့ ပြောလို့မရပါဘူး။

ဒုတိယပြဿနာတစ်ခုကတော့ ကမ္ဘာလုံးဆိုင်ရာဈေးကွက်သည်ပင်လျှင် ဘယ်အခြေအနေကိုရောက်နေပြီဆိုတာ ကျွန်တော်တို့ တိတိကျကျမပြောနိုင်သေးခြင်းပဲဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး လွှမ်းခြုံအကျုံးဝင်တဲ့ ကမ္ဘာ့ဈေးကွက်ဟာ လူမှုရေးရည်မှန်းချက်တွေအပေါ် အခြေခံထားတဲ့ စည်းမျဉ်းတွေနဲ့ တစ်နိုင်ငံချင်း ဈေးကွက်တွေလို အခိုင်အမာ ကျောထောက်နောက်ခံပေးထားမှုမရှိသေးဘဲ ဖြစ်နေပါတယ်။ အဲဒီလိုမျိုး စည်းမျဉ်းစည်းကမ်းတွေမရှိသေးချိန်မှာ ကမ္ဘာလုံးဆိုင်ရာပြုမှုက လူပေါင်းများစွာကို သူတို့ဟာ ကြိုတင်တွက်ဆ ခန့်မှန်းမထားတဲ့ခွန်အားတွေရဲ့ သက်ညှာထောက်ထားမှုကို ရရှိနေတယ်လို့ ခံစားနေစေပါတယ်။
mgyoe.com

mgyoe.com


ကျွန်တော်တို့ခေတ်ရဲ့ ဆက်စပ်လွှမ်းခြုံတဲ့စိန်ခေါ်မှုဟာ ကမ္ဘာလုံးဆိုင်ရာပြုမှုကို ပိုမိုကြီးမားတဲ့ဈေးကွက်တွေထက်ကြီးမားတဲ့ ဈေးကွက်ကြီးဖြစ်လာအောင် ဖန်တီးဖို့ပါပဲ။ ဒီလိုကြီးကျယ်တဲ့ ကသောင်းကနင်းတွေဖြစ်နေမှုအပေါ် အောင်မြင်မှုရရှိအောင် ဘယ်လိုစီမံအုပ်ချုပ်မယ်၊ ဒါ့ထက်မကဘဲ ဘယ်လိုပိုမိုကောင်းမွန်အောင် အတူတကွစီမံအုပ်ချုပ်ကြမယ်ဆို တာကျွန်တော်တို့ လေ့လာရမှာဖြစ်ပါတယ်။

ဒါဖြင့်ရင် ဒီတစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ပြဿနာတွေက ဘာတွေလဲ။ ဒါကို ခေါင်းစဉ်သုံးခုနဲ့ ကျွန်တော်စုစည်းထားပါတယ်။ ခေါင်းစဉ်တစ်ခုချင်းကို လူသားတွေရဲ့ အခြေခံလွတ်လပ်ခွင့်ပေါ်မှာမူတည်ပြီး စုစည်းထားတာပါ။ အဲဒါတွေကတော့ အလိုရှိခြင်းမှ လွတ်လပ်ခွင့်၊ ထိတ်လန့်ကြောက်ရွံ့ရခြင်းမှ လွတ်လပ်ခွင့်နဲ့ ဒီကမ္ဘာဂြိုဟ်ပေါ်မှာ သူတို့ဘဝကို ဆက်လက်တည်တံ့နိုင်အောင် အနာဂတ်မျိုးဆက်တွေရဲ့လွတ်လပ်ခွင့်တွေဖြစ်ပါတယ်။။

ပထမဆုံးအချက်က အလိုရှိခြင်းမှ လွတ်လပ်ခွင့်ပါ။

ကမ္ဘာ့လူသားအားလုံးထဲက လူသားသန်းပေါင်း တစ်ထောင်ကျော်အနေနဲ့ သူတို့ဘဝရှင်သန်နိုင်အောင် အန္တရာယ်ကင်းတဲ့ သောက်သုံးရေမရရှိဘဲ တစ်နေ့ကို တစ်ဒေါ်လာထက်နည်းတဲ့ဝင်ငွေလေးနဲ့ ရုန်းကန်လှုပ်ရှားနေချိန်နဲ့ ကမ္ဘာပေါ်မှာရှိသမျှလူသားအားလုံးရဲ့ထက်ဝက်လောက် လုံလောက်တဲ့မိလ္လာနဲ့ ရေဆိုးနုတ်စနစ်မပြည့်စုံဘဲ နေထိုင်နေရချိန်မှာ ကျွန်တော်တို့အနေနဲ့ လူသားတွေဂုဏ်သိက္ခာနဲ့အညီ လွတ်လပ်မှုနဲ့ညီမျှမှု ရှိနေပါတယ်လို့ဘယ်လိုပြောနိုင်မှာလဲ။ ဒါတင်ပဲလားဆိုတော့မဟုတ်သေးဘဲ ကျွန်တော်တို့တွေအနက်က တချို့ဟာ ကုန်စည်ဈေးကွက် ပျက်ပြားသွားလေမလားလို့ စိုးရိမ်ပူပန်နေကြရ၊ ဒါမှမဟုတ် ကျွန်တော်တို့ရဲ့ နောက်ဆုံးထုတ်လုပ်တဲ့ကွန်ပျူတာတွေကိုထိန်းသိမ်းနိုင်ဖို့ ရုန်းကန်နေရပြန်ပါတယ်။ တစ်ချိန်တည်းမှာပဲ လူသား ယောကျ်ား၊ မိန်းမထက်ဝက်ကျော်ဟာ သူတို့သားသမီးတွေအတွက် နောက်ထပ်အစာတစ်နပ် ဘယ်ဆီက ရပါ့မလဲဆိုတဲ့ အခြေခံကျတဲ့စိုးရိမ်သောကတွေကို လွယ်ထားရပါတယ်။

အစီရင်ခံစာမှာပါရှိတဲ့ အဓိကဒုတိယခေါင်းစဉ်ကတော့ ကြောက်ရွံ့ထိတ်လန့်ရခြင်းမှ လွတ်လပ်ခွင့်ပါ။

mgyoe.com

mgyoe.com

နိုင်ငံချင်းဖြစ်ပွားတဲ့စစ်ပွဲတွေ သူတို့ မကြာမကြာဖြစ်တတ်လေ့ရှိတဲ့ အကြိမ်ထက် ကံကောင်းထောက်မစွာ လျော့နည်းသွားခဲ့ပါတယ်။ ဒါပေမဲ့ ရာစုနှစ်ရဲ့ နောက်ဆုံးဆယ်စုနှစ်အတွင်းဖြစ်ပွားတဲ့ ပြည်တွင်းစစ်တွေကြောင့် လူ့အသက်ပေါင်းငါးသန်းကျော် ဆုံးရှုံးခဲ့ရသလို၊ သူတို့အိမ်ရာတွေကို စွန့်ပစ်ထွက်ပြေးရတဲ့ ပြည်သူလူထုအရေအတွက်လည်း အဆမျှားစွာ တိုးလာစေခဲ့ပါတယ်။ ဒါတင်မကပါဘူး၊ ကျွန်တော်တို့အားလုံးဟာ အဖျက် စွမ်းအားကြီးမားတဲ့လက်နက်တွေရဲ့ အရိပ်ထိုးမှုအောက်မှာ နေထိုင်နေရဆဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ပဋိပက္ခတွေမပေါ်ပေါက်အောင် အစွမ်းကုန် ကာကွယ်တားဆီးရပါမယ်။ ပဋိပက္ခအများဆုံးဖြစ်ပွားတဲ့နေရာဒေသတွေဟာ ဆင်းရဲတဲ့နိုင်ငံတွေဖြစ်ပြီး အထူးသဖြင့် ဆိုးဝါးစွာအုပ်ချုပ်ခံရတဲ့၊ ဒါမှမဟုတ် တိုင်းပြည်ရဲ့အာဏာနဲ့ချမ်းသာကြွယ်ဝမှုကို လူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စုတွေအကြား မညီမမျှကျင့်သုံးခံရတဲ့နိုင်ငံတွေပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပဋိပက္ခတွေကိုတားဆီးဖို့ အကောင်းဆုံးနည်းလမ်းဟာ အဖွဲ့အစည်းအားလုံးကို မျှတစွာကိုယ်စားပြုတဲ့၊ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့လည်းထည့်သွင်းစဉ်းစားတဲ့၊ လူနည်းစုအခွင့်အရေးကိုလည်း လေးစားတဲ့၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအပေါ်မှာလည်း ကျယ်ကျယ်ပြန့်ပြန့် အခြေခံထားတဲ့ နိုင်ငံရေးအစီအစဉ်တွေ တိုးမြှင့်ချမှတ်စီစဉ် လုပ်ဆောင်ဖို့ပဲဖြစ်ပါတယ်။

ကျွန်တော့်ရဲ့အစီရင်ခံစာမှာ ထည့်သွင်းတင်ပြထားတဲ့ တတိယအခြေခံအကျဆုံး လွတ်လပ်ခွင့်ကတော့ ၁၉၄၅ ခုနှစ် ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်ရာမှာ ပါဝင်ခဲ့သူတွေအနေနဲ့ပင်လျှင် အနိုင်နိုင်ကြိုးစားပမ်းစား ပုံဖော်ခဲ့ရတာကြောင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှာ ရှင်းရှင်းလင်းလင်း ဖော်ပြမထားနိုင်ခဲ့တဲ့အချက်တစ်ချက်ပဲ ဖြစ်ပါတယ်။ ကျွန်တော် ဆိုလိုတာက ဒီကမ္ဘာဂြိုဟ်ပေါ်မှာ အနာဂတ်မျိုးဆက်အနေနဲ့ သူတို့ဘဝကို ရှင်သန်အထောက်အကူပြုစေမယ့် လွတ်လပ်ခွင့်ပဲဖြစ်ပါတယ်။

ခုအချိန်မှာကိုပဲ ကျွန်တော်တို့ထဲက တော်တော်များများဟာ ဒီလွတ်လပ်ခွင့်ကို ဘယ်လောက် ဆိုးဆိုးဝါးဝါး အပြင်းအထန် ခြိမ်းခြောက်ခံနေရ

mgyoe.com

တယ်ဆိုတာ နားမလည်ကြသေးဘဲဖြစ်နေတယ်။ တကယ်လို့ ဒီအချက်တွေကို ဝါကျတစ်ခုတည်းဖြစ်အောင် ပေါင်းရုံးပြီးပြောရရင် ကျွန်တော်တို့ဟာ လက်ငင်းကြုံတွေ့နေရတဲ့ မလျော့ကန်မသင့်မြတ်တဲ့ အလေ့အကျင့်တွေအတွက်ပေးဆပ်ဖို့ ကျွန်တော်တို့သားသမီးတွေရဲ့အမွေကို လုယက်နေကြတာပါပဲ။

ကျွန်တော်တို့ဟာ လူသားတွေရဲ့ စားသုံးမှုနဲ့ ဖျက်ဆီးမှုကြောင့် ယိုယွင်းပျက်ပြားလုနီးပါးအခြေအနေရောက်အောင် ဖိအားပေးခြင်းခံနေရတဲ့ ကျွန်တော်တို့ရဲ့သစ်တောတွေ၊ ငါးဖမ်းလုပ်ငန်းတွေနဲ့ အထွေထွေအပြားပြားသောသက်ရှိသတ္တဝါတွေကို ကာကွယ်စောင့်ရှောက်ကြရပါမယ်။

အတိုချုပ်အားဖြင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ကြီးကြပ်အုပ်ချုပ်မှုအသစ်တစ်ခု ကျွန်တော်တို့လိုအပ်နေပါတယ်။ ကျွန်တော်တို့ဟာ ပိုမိုကောင်းစွာမျက်စိပွင့်နားပွင့် ဗဟုသုတအသိအမြင်ရှိတဲ့လူထုကို လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့စီးပွားရေးမူဝါဒ ဆုံးဖြတ်ချက်တွေ အပြည့်အဝချမှတ်နိုင်အောင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရှင်းနှီးပေးဆပ်မှုနဲ့ အကျိုးအမြတ်တွေရယူဖို့ လိုအပ်နေပါတယ်။ အညစ်အကြေးနဲ့ ကုန်ခန်းသွားဖွယ်ရှိတဲ့ အရင်းအမြစ်တွေကို တရားလွန် အလျှံပယ်လွန်ကဲစွာ စားသောက်သုံးစွဲခြင်းကို ဟန့်တားနိုင်အောင်သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နဲ့ရင်းနှီးတဲ့ အလေ့အကျင့်ကောင်းတွေကို အားပေးဖို့သော်လည်းကောင်း စည်းမျဉ်းစည်းကမ်းနဲ့ မက်လုံးပေးမှုတွေ ကျွန်တော်တို့ လိုအပ်နေပါတယ်။ ဒါ့အပြင် ကျွန်တော်တို့အနေနဲ့ ပိုမိုတိကျတဲ့ သိပ္ပံပညာရပ်ဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်တွေ လိုအပ်နေပါတယ်။

အဲဒါတွေအားလုံးအပြင် ကျွန်တော် ကလေးဘဝက လေ့လာခဲ့တဲ့ အာဖရိကအတွေးအမြင်ဟောင်းကလေးတစ်ခုကို ပြန်လည်သတိရဖို့ ကျွန်တော်တို့ လိုအပ်ပါတယ်။ အဲဒါကတော့ ကမ္ဘာမြေကြီးဟာ ကျွန်တော်တို့ပိုင်မဟုတ်ဘူး၊ ကျွန်တော်တို့အတွက်မဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ နောင်လာနောက်သားတွေအတွက် ကျွန်တော်တို့လက်ထဲကို ယုံကြည်စွာအပ်နှံထားတဲ့ ရတနာတစ်ပါးသာဖြစ်တယ်ဆိုတာပါပဲ။

ဒါတွေဟာ ပြဿနာတွေနဲ့ ကျွန်တော်တို့ ပြည်သူလူထုတွေရဲ့ နေ့စဉ်

mgyoe.com
ဘဝတွေကို အကျိုးသက်ရောက်စေမယ့် ကျွန်တော်တို့ရဲ့တာဝန်ဟာပဲ ဖြစ်ပါတယ်။ ဒါဟာ ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ အဆုံးအဖြတ်ခံယူရမယ့် ဒီတာဝန်တွေကို ဘယ်လိုကိုင်တွယ်သွားရမယ်ဆိုတဲ့ ဘက်စုံဝေယျာဝစ္စ လုပ်ငန်းတွေပါပဲ။ တကယ်လို့ ကျွန်တော်တို့အနေနဲ့ အဲဒီအချက်အပေါ် အမြင်လွဲသွားပြီဆိုရင် ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ၂၁ ရာစုထဲမှာ ပါဝင်ဆောင်ရွက်ရမယ့်အခန်းကဏ္ဍဟာ အသေးအဖွဲ့မျှသာရှိတော့မှာ၊ ဒါမှမဟုတ် လုံးဝပျောက်ကွယ်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ အဖွဲ့အစည်းကြီးဟာ ကျွန်တော့်ရဲ့ အစီရင်ခံစာခေါင်းစဉ်အဖြစ် ကျွန်တော်ရွေးချယ်ထားတဲ့ စကားလုံးတွေအတိုင်း 'တို့၊ ပြည်သူများ' ဆိုတဲ့အမည်နဲ့ ဖွဲ့စည်းထားတယ်ဆိုတာ ကျွန်တော်တို့ ဘယ်တော့မှ မမေ့မလျော့ရှိကြပါစို့။ ကျွန်တော်တို့ဟာ ကမ္ဘာ့သူ ကမ္ဘာ့သားတွေအတွက် အလုပ်အကျွေးပြု ဝန်ဆောင်မှုပေးရတဲ့ နေရာဌာနမှာ ရောက်ရှိနေခြင်းဖြစ်ပြီး သူတို့ကို ကျွန်တော်တို့ နာခံရပါမယ်။

ကျွန်တော်တို့ရဲ့ အတိတ်ကအောင်မြင်မှုတွေဟာ မလုံလောက်သေးပါဘူးလို့ သူတို့က ကျွန်တော်တို့ကိုပြောနေပါတယ်။ ဆတက်ထမ်းပိုး ပိုမိုလုပ်ကိုင်ဖို့နဲ့ ပိုမိုကောင်းမွန်အောင်လုပ်ဖို့ ကျွန်တော်တို့ကို သူတို့ပြောနေပါတယ်"

mgyoe.com

mgyoe.com

# အတ္တာဗီဟာရီဗာဂျ်ပါယီး



**စီးပွားရေးလွတ်လပ်ခွင့်ပေးခြင်းနှင့် ရှုံးရေးလွတ်မြောက်မှု**

**၁၉၉၈ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ဒေလီမြို့၌ကျင်းပခဲ့သော အိန္ဒိယ စက်မှုလုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ [Confederation of Indian Industries: CII] နှစ်ပတ်လည် အစည်းအဝေးတွင် ပြောကြားခဲ့သည့်မိန့်ခွန်း။**

- ◈ အိန္ဒိယနိုင်ငံ ဂွါလီယာမြို့၌ ၁၉၂၆ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင်မွေးဖွားခဲ့၊ ဂွါလီယာမြို့ ဝိတိုရိယ[ယခု လက်စ်မီဘိုင်] ကောလိပ်၊ ကန်ပါမြို့ ဒီအေဗွီကောလိပ်တို့တွင် ပညာသင်ကြား တတ်မြောက်ခဲ့၊
- ◈ အိမ်ထောင်မရှိ တစ်ကိုယ်ရေတစ်ကာယ လူလွတ်ဖြစ်၊ လွတ်လပ်ရေးလှုပ်ရှားမှုကာလအတွင်း ၁၉၄၂ ခုနှစ်မှာ ဖမ်းဆီးခံခဲ့ရ၊ ဂျာနာဆင်းပါတီ[၁၉၅၁-၇၇]ကို ပါဝင်ဖွဲ့စည်းတည်ထောင်ခဲ့၊ ဘာရာတီယာဂျာနာဆင်းပါတီဥက္ကဋ္ဌ[၁၉၆၈-၇၃]အဖြစ် တာဝန်ယူခဲ့၊
- ◈ ဂျာနာဆင်း ပါလီမန်ဆိုင်ရာပါတီခေါင်းဆောင် [၁၉၅၇-၇၇] ဖြစ်ခဲ့၊ အရေးပေါ်အခြေအနေကာလအတွင်း [၁၉၇၇]တွင် ဖမ်းဆီးထိန်းသိမ်းခံရ၊ အိန္ဒိယအစိုးရ ပြည်ပရေးရာဝန်ကြီး [၁၉၇၇- ၈၀]ဖြစ်လာ၊
- ◆ ဘာရာတီယာဂျာနာတာပါတီကို ဖွဲ့စည်းတည်ထောင်သူ ပါတီ

mgyoe.com

ဝင်ဖြစ်[၁၉၈၀]၊ ယင်းပါတီဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့[၁၉၈၀-၈၆]၊ လောဟ်ဆာဘားပါတီဝင်[၁၉၅၇-၆၂ နှင့်၁၉၆၇-၈၄]၊ ရာဂျာဆာဘားပါတီဝင်[၁၉၆၂-၆၇]ဖြစ်ခဲ့၊ အိန္ဒိယ နိုင်ငံခြားရေး မူဝါဒရှုထောင့်သစ်စာစောင်အယ်ဒီတာ၊ ကဗျာဆရာနှင့် စာရေးဆရာလည်းဖြစ်၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်[၁၉၉၈-၂၀၀၄]။

mgyoe.com

mgyoe.com

# စီးပွားရေးလွတ်လပ်ခွင့်ပေးခြင်းနှင့် လူမှုရေးလွတ်မြောက်မှု

"ခုလိုမျိုး အရေးပါတဲ့စီးပွားရေးညီလာခံအစည်းအဝေးတွေ တက်ရောက်ရတာ ကျွန်တော့်အတွက် စိတ်ကျေနပ်ပျော်ရွှင်စရာကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ကြိမ် အစည်းအဝေးကမကထပြုကျင်းပသူတွေရဲ့ ဖိတ်ကြားချက်ကို လက်မခံခင် ကျွန်တော်စဉ်းစားကြည့်တယ်။ ခင်ဗျားတို့ရဲ့ နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားဖွင့်လှစ်ကျင်းပမှုအပေါ် ကျွန်တော့်ရဲ့ကျေနပ်မှုဟာ အတိုင်းအတာသတ်မှတ်ချက် ရှိမှရှိပါ့မလားလို့။

ဘာကြောင့်လဲဆိုတော့ နှစ်စဉ်ဆက်တိုက်ကျင်းပလာတဲ့ ဒီတတိယအကြိမ်မြောက်အတွက် စီအိုင်အိုင်နှစ်ပတ်လည်အစည်းအဝေးကို ဝန်ကြီးချုပ်အသစ်တစ်ဦးက ဖွင့်လှစ်ပေးရလို့ပဲဖြစ်ပါတယ်။

မကြာခင်က ကျင်းပပြီးစီးသွားတဲ့ အထွေထွေရွေးကောက်ပွဲကြီးမှာ ပြည်သူလူထုက ဘီဂျေပီနဲ့ သူ့ရဲ့မဟာမိတ်တွေကို တိုင်းပြည်ကိုအုပ်ချုပ်ဖို့ အခွင့်အာဏာအပ်နှင်းခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ အဲဒီအခွင့်အာဏာဟာ အကျိုးအပျက် အကွဲအပြဲကြီးတစ်ခု ဖြစ်နေခဲ့တယ်။ ဒီလိုချွတ်ယွင်းချက်ရှိတဲ့ အခွင့်အာဏာကိုသာရရှိခဲ့ပေမဲ့လည်း ကျွန်တော်တို့ရှေ့ကစိန်ခေါ်မှုတွေက ကျွန်တော်တို့အနေနဲ့ အလုပ်ကို တရားမျှတမှုအပြည့်အဝရှိအောင် ဆောင်ရွက်သွားဖို့ ဖြစ်နေပါတယ်။

mgyoe.com

mgyoe.com

ပွဲဦးထွက်မှာတင် ခုလိုအဖုအထစ်တွေနဲ့ ကြုံကြိုက်နေရစေကာမူ နယူးဒေလီမှာ တည်ငြိမ်တဲ့၊ အင်အားတောင့်တင်းတဲ့၊ အလုပ်နဲ့သက်သေပြတဲ့ အစိုးရကိုသာ မြင်တွေ့လိုတဲ့ လူထုရဲ့ဆန္ဒကို အပြည့်အ၀ဖြည့်ဆည်းပေးပါမယ်လို့ ကျွန်တော် အခိုင်အမာအာမခံချက်ပေးပါတယ်။ စိန်ခေါ်မှုအားလုံးကို ကျွန်တော်တို့ လက်ခံရင်ဆိုင်သွားမှာဖြစ်ပါတယ်။

ညီလာခံရဲ့ အဓိကဦးတည်ချက်ဟာ စီးပွားရေး၊ ပညာရေးနဲ့ အလုပ်အကိုင်နေရာအခွင့်အလမ်းတွေ ပြန်လည်တိုးတက် ကြီးထွားလာအောင် ဆောင်ရွက်ရေးဖြစ်ပြီး၊ တိုတိုပြောရရင် ကျွန်တော်တို့ရဲ့မူ၀ါဒအသေးစိတ်စီမံချက်နဲ့ မဟာမိတ်အဖွဲ့ရဲ့ နိုင်ငံအုပ်ချုပ်ရေးအစီအစဉ်အတွက် အဓိကတွန်းအားတစ်ရပ်ဖြစ်လာဖို့ ရည်ရွယ်ပါတယ်။

ဒါ့အပြင် စိတ်ကျေနပ်စရာတစ်ချက်ရှိနေတာက ဒီအပေါ်မှာ အစိုးရနဲ့ အိန္ဒိယ စက်မှုလက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှစ်ရပ်လုံးရဲ့ စိတ်ပါ၀င်စားမှု ထပ်တူပေါင်းဆုံမိခြင်းဖြစ်ပါတယ်။ ခုလို အတူပူးပေါင်း ပါ၀င်ဆက်သွယ်ဆောင်ရွက်မှုက အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု အလားအလာနဲ့ ကျွန်တော်တို့ပြည်သူတွေရဲ့ သုခချမ်းသာကို အပြည့်အ၀ ဖြည့်ဆည်းဖော်ဆောင်ပေးနိုင်စေမှာဖြစ်ပါတယ်။

ဒီအချက်အပေါ် အလေးအနက်ပြုဖို့ ကျွန်တော့်မှာ လျော့ကန်သင့်မြတ်တဲ့အကြောင်းပြချက်ရှိပါတယ်။ ဒီကနေ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ သေရေးရှင်ရေးတမျှ အရေးပါတဲ့အချက်တွေဖြစ်တဲ့ အဲဒီနိုင်ငံရဲ့ တစ်ကမ္ဘာလုံးဆိုင်ရာရပ်တည်ချက်ရော၊ လုံခြုံရေး၊ တည်တံ့ခိုင်မြဲရေးနဲ့ တည်ငြိမ်ရေး တွေပါအားလုံးဟာ အဲဒီနိုင်ငံရဲ့စီးပွားရေးတောင့်တင်းမှုအပေါ် တည်မှီနေလို့ပါပဲ။

အဲဒါကြောင့် ခုအချိန်ဟာ နိုင်ငံရဲ့စီးပွားရေးကို ပေါ်ပေါက်လာဖွယ်ရှိတဲ့ ဒီမိုကရေစီစနစ်ရဲ့ ၀ရုန်းသုန်းကားဖြစ်မှုမျိုးတွေနဲ့ ကင်းဝေးအောင် ကာကွယ်ရမယ့်အချိန်ရောက်လာပြီလို့ ကျွန်တော် အခိုင်အမာယုံကြည်ပါတယ်။

ဒါဟာ တစ်ဖက်သတ်ကျတဲ့အခွင့်အလမ်းတွေနဲ့ နစ်မွန်းနေတဲ့ စီးပွားရေးလုပ်ငန်း၊ စက်မှုလက်မှုနဲ့ နိုင်ငံရေးအပြင် အရေးအပါဆုံးဖြစ်တဲ့ နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အပါအ၀င် ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ကဏ္ဍ

mgyoe.com

mgyoe.com


အားလုံးအတွက် တကယ်လုပ်ဆောင်ရတော့မယ့် ရေချိန်အမြင့်ဆုံးအချိန်လည်းဖြစ်ပါတယ်။

ကျွန်တော်ကတော့ အားလုံးရဲ့ ဘုံမျိုးချစ်စိတ်ဓာတ်အစွမ်းမန္တန်ကို နိုင်ငံကြီးပွားတိုးတက်ရေး၊ ပိုမိုတိုးတက်ရေးနဲ့ ဆက်လက်တည်တံ့တိုးတက်ရေးအတွက်ဖြစ်ပါစေလို့ တိုက်တွန်းလိုပါတယ်။

စက်မှုအပိုင်းက အစိုးရအပေါ် မကျေမနပ်အပြစ်ဖို့တင်ပြတဲ့ တကယ့်အကြီးမားဆုံးအချက်သုံးချက်ကတော့–

**တစ်။** အစိုးရဟာ လွန်ကဲစွာထိန်းချုပ်မှုကြောင့် ရှောင်လွှဲနိုင်တဲ့ နှောင့်နှေးမှုတွေဖြစ်ပေါ်ရတဲ့ အကြောင်းရင်းတစ်ချက် ဖြစ်တယ်လို့ စက်မှုလုပ်ငန်းတွေက ယူဆထားတာဖြစ်တယ်။ ပြန်လည်ပြုပြင်ရေးတွေပြုလုပ်ခဲ့ပြီး ခုနစ်နှစ် ကြာမြင့်ခဲ့ပြီးချိန်မှာတောင် တကယ့်စက်မှုလုပ်ငန်းရှင်စစ်စစ်တစ်ဦးက သူ့ရဲ့အချိန်အမြောက်အမြားကို သူ့ကိုယ်ပိုင်လုပ်ငန်းမှာ စီမံအုပ်ချုပ်ဖို့ထက် အစိုးရလုပ်ငန်းတွေမှာ စီမံအုပ်ချုပ်ဖို့ အတင်းအကျပ်ပြုလုပ်ခံခဲ့ရတယ်လို့ဆိုတယ်။

**နှစ်။** အစိုးရဟာ များများယူပြီး နည်းနည်းလေးသာ ပေးတတ်တယ်။ ပြီးတော့ ဖြစ်ကတတ်ဆန်းလုပ်တတ်တယ်လို့ စက်မှုလုပ်ငန်းတွေက တင်ပြပါတယ်။

**သုံး။** အစိုးရဟာ သူ့ရဲ့လုပ်ငန်းတွေမရှိဘဲနဲ့ကို စက်မှုနယ်ပယ်မှာ နေရာအများအပြားကိုယူထားတယ်။ နေရာတကာပါပြီး မရှောင်ရာဆီလူးတတ်တယ်လို့ စက်မှုလုပ်ငန်းတွေက ဆိုပြန်ပါတယ်။

ကဲ–ခု ကျွန်တော်တို့အစိုးရဘက်က စက်မှုလုပ်ငန်းတွေအပေါ် စွပ်စွဲထားတဲ့ အရေးပါဆုံးအချက်သုံးချက်ကို ကြည့်ကြရအောင်–

**တစ်။** စက်မှုလုပ်ငန်းတွေဟာ သူတို့ရဲ့လူမှုရေးရည်မှန်းချက်တွေကို မျှဝေပေးခြင်းမပြုဘဲ ဆုပ်ကိုင်ထားတယ်လို့ အစိုးရဘက်က ခံစားနေရတယ်။

**နှစ်။** စက်မှုလုပ်ငန်းတွေက အစိုးရကို သူတို့အပေါ်ပွင့်လင်းမှု၊ တာဝန်ခံမှုနဲ့ ဘဏ္ဍာရေး ငွေကြေးအတိုင်းအတာအရ ကောင်းမွန်တဲ့အုပ်ချုပ်မှုစည်းမျဉ်းတွေချမှတ်ပြီး သည်းခံလိုက်နာပေးဖို့ လိုလားနေတယ်လို့

mgyoe.com

mgyoe.com

အစိုးရကမြင်နေတယ်။ ဒါက လျော်ကန်သင့်မြတ်ပါတယ်။ ဒါပေမဲ့ စက်မှုလုပ်ငန်းတွေကိုယ်တိုင်ကရော ပွင့်လင်းမှု၊ တာဝန်ခံမှုနဲ့ ထုတ်ဖော်ကြေညာရမယ့် အတိအကျစံတွေကိုလိုက်နာပါသလား။ စက်မှုပိုင်းဟာ စားသုံးသူတွေ၊ အလုပ်သမားတွေ၊ အစုရှယ်ယာရှင်တွေ၊ ဘဏ်လုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းအပေါ်မှာရော မိမိရဲ့ ယေဘုယျတာဝန်ဝတ္တရားတွေနဲ့အညီ ဆောင်ရွက်နေပါသလား။

သုံး။ စက်မှုလုပ်ငန်းရှင် အများအပြားဟာ ပြိုင်ဆိုင်မှုကို လိုလားကြပါတယ်။ ဒါပေမဲ့ အဲဒါ တခြားစက်မှုလုပ်ငန်းတွေမှာသာဖြစ်ပြီး သူတို့ကိုယ်ပိုင်လုပ်ငန်းတွေအတွက်ကျတော့ အကာအကွယ်ပေးမှုကိုပဲ လိုချင်ကြပါတယ်-

ဒီနေရာမှာ နှစ်ဖက်လုံးကိုကြည့်တဲ့ ကြားခံသာမန်လူတစ်ဦးရဲ့ အမြင်သဘောထားကကော ဘယ်လိုရှိပါသလဲ။ သူကတော့ ဒီလိုမျိုး ယူဆပါတယ်။

တစ်။ အစိုးရဘက်ကရော၊ စက်မှုလုပ်ငန်းတွေဘက်ကပါ နှစ်ဖက်လုံးရဲ့ ထိပ်ဆုံးကပုဂ္ဂိုလ်တွေဟာ အလုပ်လုပ်ရာမှာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ကိုယ့်အကျိုးစီးပွားအတွက် ကိုယ့်ဘက်ကိုယ်ယက်တဲ့ အကြံတူသမားတွေဖြစ်တယ်။

နှစ်။ အစိုးရရော စက်မှုလုပ်ငန်းတွေပါ ဘယ်ဘက်ကမှ ပြည်သူလူထုရဲ့ တကယ့်လိုအပ်ချက်ကို အလေးမထားကြပါဘူး။

သုံး။ ဒီနိုင်ငံမှာ ဥပဒေနှစ်မျိုးရှိနေတယ်။ တစ်မျိုးက သာမန်ရိုးရိုးလူတွေအတွက်ဖြစ်ပြီး ကျန်တဲ့ဥပဒေတစ်မျိုးက အစိုးရနဲ့ စက်မှုလုပ်ငန်းနှစ်ဖက်လုံးမှာရှိတဲ့ အကောင်ကြီးကြီးလူတွေအတွက်ဖြစ်နေတယ်"

mgyoe.com

mgyoe.com

"ကျွန်တော်တို့ဟာ တိုင်းပြည်ရဲ့စီးပွားရေး ယိုယွင်းပျက်ပြားလုလု ချောက်နှုတ်ခမ်းရောက်နေချိန်မှာ အစိုးရတာဝန်ကို ယူခဲ့ကြပါတယ်။ ကုန်ဈေးနှုန်းတွေ ထိန်းမနိုင်သိမ်းမရ ထိုးတက်နေသလို ငွေကြေးဖောင်းပွမှုနှုန်းလည်း မြင့်တက်နေတယ်။ ပြည်ပပို့ကုန်တွေ ကျဆင်းနေသလို အရန်နိုင်ငံခြားသုံးငွေလည်း သီတင်းနှစ်ပတ်စာထက်မကျော်အောင် လျော့နည်းနေတယ်။ သွင်းကုန်လုပ်ငန်းနဲ့ စက်မှုလုပ်ငန်းတွေလည်း လုံးဝပျက်စီးလုနီးပါး အခြေဆိုက်နေတယ်။ ကျွန်တော်တို့ဟာ နိုင်ငံစီးပွားရေးပြန်လည်တည်ဆောက်ပြီး နဂိုအခြေအနေရောက်ရေးကို အမြန်ဆုံး ဦးစားပေးအစီအစဉ် သတ်မှတ်ရပါလိမ့်မယ်။ နောက် မြန်နိုင်သမျှ အမြန်ဆုံး စီးပွားရေးကို အရှိန်အဟုန်နဲ့ မှန်မှန်တတတိုးတက်မှုရှိမယ့် လမ်းကြောင်းပေါ်ရောက်အောင် ပြန်တင်ရမှာဖြစ်တယ်။ ကျွန်တော်တို့ ပြည်သူတွေအားလုံး လူနေမှုအဆင့်အတန်းမြင့်မားအောင် လုပ်ဆောင်နိုင်မယ့် တစ်ခုတည်းသောနည်းလမ်းဖြစ်တဲ့ တိုင်းပြည်ကျယ်ကျယ် ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် စီးပွားရေးတိုးတက်မှုနှုန်းကို အရှိန်မြှင့်ဖို့ ကျွန်တော်တို့ကြိုးပမ်းရပါမယ်။ စီးပွားရေးကို ခေတ်မီအောင်၊ ထုတ်လုပ်မှုစွမ်းအားမြင့်မားပြီး ထိထိရောက်ရောက် ပိုမိုတိုးတက်အောင်၊ စီးပွားရေးကဏ္ဍတိုင်း အချိန်တိုတိုနဲ့ ခရီးပေါက်အောင် ကျွန်တော်တို့ကြိုးပမ်းနေပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့စီးပွားရေးကို ပိုမိုကျွမ်းကျင် စနစ်ကျနစွာဆောင်ရွက်နိုင်အောင် ကမ္ဘာနဲ့ ပေါင်းစပ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒ့ါမှသာ ကမ္ဘာ့ဈေးကွက်မှာ အောင်မြင်စွာယှဉ်ပြိုင်နိုင်ပြီး အခြားအာရှနိုင်ငံအများအပြားက သူတို့အကျိုးစီးပွားဖြစ်ထွန်းအောင် လုပ်ဆောင်နိုင်ခဲ့သလို

mgyoe.com

mgyoe.com


သာ၍ ပိုမိုကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ကျွန်တော်တို့ ဆွဲဆောင်နိုင်ပါ လိမ့်မယ်။

အထက်ကပြောခဲ့တဲ့ လုပ်နည်းစဉ်တွေအတိုင်းဆောင်ရွက်ရာမှာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ ပိုမိုပို၍ဆင်းရဲတဲ့အပိုင်းက လိုအပ်ချက် တွေကို အစဉ်တစိုက် မျက်ခြည်မပြတ်ဆောင်ရွက်သွားရေးကိုလည်း သေချာအောင်ကြိုးပမ်းရမှာဖြစ်ပါတယ်။ စောစောပိုင်းက နိုင်ငံအတွက် အရန်သတ်မှတ်ထားတဲ့နယ်ပယ်များစွာမှာ ပုဂ္ဂလိကကဏ္ဍက အားတက် သရော တိုးချဲ့လုပ်ကိုင်ခဲ့သလို နိုင်ငံရဲ့လုပ်ရှားဆောင်ရွက်မှုနဲ့ အများဆိုင် သဘာဝအရင်းအမြစ်တွေ ပွံ့ဖြိုးတိုးတက်မှုကိုလည်း ဆင်းရဲသားအများစု ရဲ့လိုအပ်ချက်နဲ့ ဈေးကွက်စီးပွားရေးစနစ်တစ်ခုတည်းနဲ့ အကျိုးစီးပွားတွေ အလျင်အမြန်ပေါ်ထွက်လာအောင် မဆောင်ကြဉ်းနိုင်တဲ့နေရာတွေမှာ ကျန်းမာရေး၊ ပညာရေးနဲ့ ကျေးလက်အခြေခံအဆောက်အအုံ အစရှိတာ တွေလို လူမှုရေးကဏ္ဍတွေကို ခုအခါမှာ စုစည်းပေါင်းစပ်ဆောင်ရွက် နေပါတယ်။ ကုန်လွန်ခဲ့တဲ့ငါးနှစ်ခရီးမှာ အခက်အခဲတွေရော ဆုလာဘ် တွေကိုပါ နှစ်မျိုးလုံးကြုံခဲ့ပါတယ်၊ ကျွန်တော်တို့အလိုရှိတဲ့အတိုင်း အရာ အားလုံးကို အောင်မြင်ခဲ့တယ်လို့ ကျွန်တော်ပြောမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ထွက်ပေါ်လာတဲ့ရလဒ်တွေက ကျွန်တော်တို့ရဲ့ချဉ်းကပ်မှုနဲ့ ကျွန်တော် တို့ရဲ့ရည်မှန်းချက်တွေကို အထင်အရှားပြသဖော်ဆောင်နိုင်ခဲ့ကြောင်း ကျွန်တော်တို့ ရိုးသားစွာပြောနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"

ဒေါက်တာ မန်မိုဟန်ဆင်း (၁၉၃၂- )
[ယခု အိန္ဒိယနိုင်ငံဝန်ကြီးချုပ်]
၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင်
ပြောကြားသည့် ကြားဖြတ်ဘတ်ဂျက်မိန့်ခွန်း။

mgyoe.com

mgyoe.com

# မှူးမတ်သူကောင်းဘွဲ့ခံ ချားလ်စ်စပင်ဆာ



**ဒိုင်ယာနာမင်းသမီးသို့ နှုတ်ဆက်ဂုဏ်ပြုစကား**

**၁၉၉၇ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ ဒိုင်ယာနာမင်းသမီး၏ အသုဘအခမ်းအနားတွင် သူမအား နှုတ်ဆက်ဂုဏ်ပြုပြောကြားသည့်စကား။**

- ချားလ်စ်စပင်ဆာအား ၁၉၆၄ ခုနှစ်တွင်မွေးဖွားခဲ့၊ ဒိုင်ယာနာမင်းသမီး၏မောင်ငယ်ဖြစ်၊ အီလ်တန်နဲ့ အောက်စ်ဖို့တက္ကသိုလ်များတွင် ပညာသင်ခဲ့၊ တက္ကသိုလ်တွင်ရှိစဉ်နှစ်များအတွင်း 'ချန်ပါဂူချာလီ'အဖြစ်သိရှိရ၊
- ၁၉၉၂ ခုနှစ် ဖခင်ကွယ်လွန်ချိန်တွင် နဝမမြောက် မှူးမတ်သူကောင်းဘွဲ့ခံ ချားလ်စ်စပင်ဆာဖြစ်လာ၊ ၁၉၈၉ ခုနှစ်တွင် ဝိတိုရိယလော့ခ်ဝုဒ်နှင့်လက်ထပ်ခဲ့၊ အိမ်ထောင်ရေးအဆင်ပြေအောင်မြင်၊
- ၁၉၉၆ ခုနှစ်တွင် စာနယ်ဇင်းများနှင့် သတင်းကြီးမှုကို ရှောင်ရှားရန် တောင်အာဖရိကနိုင်ငံသို့ ရွှေ့ပြောင်းခဲ့၊ အမေရိကန်ပြည်ထောင်စု အင်န်ဘီစီရုပ်မြင်သံကြား သတင်းထောက်နှင့် သတင်းစာဆရာအဖြစ်လုပ်ကိုင်၊ အင်ဒရူးမော်တန်အား

mgyoe.com

mgyoe.com

ဒိုင်ယာနာ၏ဘဝအဖြစ်မှန် အတ္ထုပ္ပတ္တိကိုရေးသားရာတွင် ကူညီခဲ့၊

- သို့ရာတွင် ဒိုင်ယာနာသေဆုံးရမှုအတွက် စာနယ်ဇင်းများကို ပြစ်တင်ပြောကြား၊ ဝက်စ်မင်စတာခရစ်ယာန်ဘုရားကျောင်း တိုက်၌ ပြောကြားခဲ့သော ဤဂုဏ်ပြုစကားကို လူထုပရိသတ် က လိုလား အသိအမှတ်ပြုခဲ့သော်လည်း စာနယ်ဇင်းများ၏ အသိအမှတ်ပြုခြင်းမခံရ၊
- ယခုအခါ ဤဂုဏ်ပြုအမှာစကားကို အင်္ဂလန်နိုင်ငံတွင် ကျောင်းသုံးစာအုပ်တစ်အုပ်ထက်မနည်း ထည့်သွင်းဖော်ပြရန်ရှိ နေ၊ ဒိုင်ယာနာအမှတ်တရပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက် ရေးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။

mgyoe.com

mgyoe.com

## ဒိုင်ယာနာမင်းသမီးသို့ ချီးကျူးဂုဏ်ပြုစကား

"အုံ့ဩထိတ်လန့်တုန်လှုပ်နေတဲ့ တစ်ကမ္ဘာလုံးရဲ့ရှေ့မှောက်မှာ ပူဆွေးဝမ်းနည်း ယူကျုံးမရဖြစ်နေတဲ့နိုင်ငံတစ်နိုင်ငံနဲ့ ပရိဒေဝ တောက်လောင်နေတဲ့ မိသားစုတစ်စုရဲ့ကိုယ်စား ဒီနေ့ကျွန်တော် သင့်ရှေ့မှာ ရပ်နေပါတယ်။ ဒိုင်ယာနာကို လေးစားဂါရဝပြုဖို့ ကျွန်တော်တို့ရဲ့ဆန္ဒသက်သက်ကြောင့်သာမဟုတ်ဘဲ ခုလိုပြုလုပ်ဖို့ ကျွန်တော်တို့အတွက် တကယ်လိုအပ်တာကြောင့်ပါ ကျွန်တော်တို့အားလုံး ဒီမှာ အညီအညွတ် စည်းလုံးစုဝေးလျက်ရှိပါတယ်။

အကြောင်းကတော့ ကမ္ဘာတစ်ဝန်းလုံးက လူပေါင်းကုဋေကုဋာတို့လည်း သူမကို ဘယ်တုန်းကမှ အမှန်တကယ်မြင်တွေ့ခဲ့ဖူးခြင်းမရှိကြပါဘဲလျက်နဲ့ ရေဒီယိုရုပ်မြင်သံကြားတွေကတစ်ဆင့် ဒီအသုဘအခမ်းအနားမှာ တစ်စိတ်တစ်ဒေသပါဝင်ပြီး သူတို့ဟာ ဒီတနင်္ဂနွေနေ့ နံနက်စောစောပိုင်းမှာ သူတို့နဲ့ချစ်ခင်ရင်းနှီးသူတစ်ဦးကို ဆုံးရှုံးလိုက်ရလေပြီလို့ ခံစားနေရလို့ပဲဖြစ်ပါတယ်။

ဒါဟာ သူမအတွက် ကျွန်တော် ဆောင်ကြဉ်းပေးဖို့ ကျွန်တော် မျှော်လင့်ထားတဲ့ အတိုင်းအဆထက်ကျော်လွန်တဲ့ ဒိုင်ယာနာအတွက် ထူးခြားအမှတ်ရဖွယ် ဂုဏ်ပြုအခမ်းအနားတစ်ရပ်လည်း ဖြစ်နေပါတယ်။ ဒိုင်ယာနာဟာ သနားကရုဏာ၊ စာနာရိုင်းပင်းမှု၊ တာဝန်သိတတ်မှု၊ အသွင်ဟန်ပန်ပုံစံနဲ့ အလှအပအနှစ်သာရတွေ ထုံမွှမ်းနေသူပဲဖြစ်ပါတယ်။ ကမ္ဘာတစ်ခွင်မှာ

mgyoe.com

mgyoe.com


သူမဟာ ကိုယ်ကျိုးမဖက်တဲ့ လူသားချင်းစာနာမှုရဲ့ပြယုဂ်လည်းဖြစ်တယ်။ အဖိနှိပ်ခံနင်းပြားတို့ရဲ့ စစ်မှန်တဲ့အခွင့်အရေးအတွက် ရှေ့ဆောင်လမ်းပြ ဖော်ဆောင်သူတစ်ဦးနဲ့ အထွတ်အထိပ်ရောက် ထူးခြားတဲ့နိုင်ငံသား ဗြိတိသျှလူမျိုး စစ်စစ်တစ်ဦးလည်းဖြစ်တယ်။

ပင်ကိုသဘာဝမြင့်မြတ်ပြီး အဆင့်အတန်းမခွဲခြားတတ်တဲ့ လူတန်းစားမဲ့ဝါဒီတစ်ဦးလည်းဖြစ်သူ ဒိုင်ယာနာဟာ လွန်ခဲ့တဲ့နှစ်က သူမအတွက် ထီးနန်းနဲ့စပ်ဆိုင်တဲ့ တော်ဝင်ဘွဲ့မည်ရည်တွေ မလိုအပ်ကြောင်းနဲ့ သူမရဲ့ သီးခြားကိုယ်ပိုင်စွမ်းဆောင်ရည်ကိုသာ မြှင့်တင်သွားမှာဖြစ်ကြောင်း သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ ဘုရားသခင်က သင့်ကို လူ့ဘဝသက်တမ်း တစ်ဝက်မျှသာ နေခွင့်ပြုခဲ့သော်ငြားလည်း ကျွန်တော်တို့ဘဝတွေ တောက်ပလာအောင် စွမ်းဆောင်လမ်းပြပေးခဲ့မှုအတွက် ဒီနေ့ဟာ သင့်ကို ကျေးဇူးတင်ကြောင်း ပြောခွင့်ရတဲ့နေ့ပါပဲ။ ကျွန်တော်တို့ထံက သင့်ကို အလွန် အသက်အရွယ်ငယ်ငယ်နဲ့ ခေါ်ဆောင်သွားခံရမှုကြောင့် ဆုံးရှုံးရမှုအတွက် ကျွန်တော်တို့ ထာဝရခံစားနေရမှာဖြစ်သလို သင်အကျိုးပြုခဲ့သမျှ အားလုံးအတွက် ရှာဖွေကျေးဇူးတင်နေမှာလည်း ဖြစ်ပါတယ်။

ခု လောလောဆယ်မှာတော့ သင်ထွက်သွားပြီဆိုတာ ကျွန်တော်တို့ တကယ်လက်ခံ အသိအမှတ်ပြုလိုက်ရပြီဖြစ်ပြီး သင်မရှိတော့တဲ့အခြားမဲ့မှာ သင်မပါဝင်တဲ့ ကျွန်တော်တို့ရဲ့ဘဝတွေ လွန်စွာလွန်စွာ အခက်အခဲရှိလိမ့်မယ်ဆိုတာလည်း သင်သိရှိစေလိုပါတယ်။ ကျွန်တော်တို့ရဲ့ ဆုံးရှုံးမှုအတွက် လွန်ခဲ့တဲ့သီတင်းပတ်လုံးလုံး ကျွန်တော်တို့အားလုံး မျှော်လင့်ချက်ဆိတ်သုဉ်းပြီး လက်မှိုင်ချခဲ့ရတယ်။ သင်ရှိစဉ်ကာလနှစ်များတစ်လျှောက် သင်ပေးခဲ့တဲ့ခွန်အားတွေနဲ့ ကျွန်တော်တို့ ရှေ့ကိုခရီးဆက်ရပါမယ်။

ဒီမှာ သင်နဲ့ပတ်သက်သမျှအမှတ်တရတွေကို မှတ်တမ်းပြုဖို့အတွက် အပူတပြင်းဆောင်ရွက်ဖို့ စေ့ဆော်မှုတွေ ရှိနေပါတယ်။ အမှန်အားဖြင့် ကျွန်တော်တို့ ဒီလိုလုပ်စရာမလိုပါဘူး။ သင်က တစ်မူထူးခြားစွာ ကြန်အင်လက္ခဏာအရည်အသွေးပြည့်ဝတဲ့ လူသားတစ်ဦးအဖြစ်နဲ့ မားမားမတ်မတ် ရပ်တည်ခဲ့ပြီးဖြစ်ပြီး သင့်ကို သူတော်စင်တစ်ဦးအဖြစ် ရှုမြင်စရာမလိုတာ ကြောင့်ပါပဲ။

mgyoe.com

mgyoe.com


တကယ်တော့ သင့်ရဲ့အဓိကအရေးပါတဲ့ ပင်ကိုအရည်အသွေးတွေ၊ သင်တစ်ခွန်းပြုံးရယ်ရင် ရယ်ရွှင်မှုနှစ်ခု ပြန်ရောက်လာမယ့်၊ သင်တစ်ချက် ပြုံးလိုက်တိုင်း ဝင်းလက်တောက်ပတဲ့မျက်လုံးတွေကြောင့် သင့်ဘဝရဲ့ပျော်ရွှင်မှုတွေ ကူးစက်သွားစေမယ့် အံ့ဖွယ်ထူးခြားတဲ့ ဟာသဓာတ်ခံနဲ့ သင့်ရဲ့ နယ်နိမိတ်အကန့်အသတ်မဲ့တဲ့ခွန်အားတွေကြောင့် သင့်ကို အမှတ်ရအောက်မေ့ကြအောင် တန်ဆာဆင်သိဒ္ဓိတင်ဖို့ဆိုတာ မလိုဘဲချန်လှပ်ထားရမှာပါ။

သင့်ရဲ့အကြီးကျယ်ဆုံး အထုံပါရမီတစ်ခုဟာ သင့်ရင်ထဲက ဗီဇစိတ်နဲ့ အလိုလိုသိရှိနိုင်စွမ်းရှိခြင်းဖြစ်ပြီး အဲဒီပါရမီကို သင်ကကျွမ်းကျင်စွာ ချင့်ချိန်ပိုင်းခြားအသုံးချနိုင်ခဲ့ပါတယ်။ ဒါတွေဟာ အတိအကျထောက်ပြ ပြောဆိုနိုင်တဲ့ သင့်ရဲ့အခြားအခြားသော အံ့ဖွယ်ပင်ကိုအရည်အချင်းတွေပဲဖြစ်တယ်။

နောက် သင့်မှာဒီလိုမျိုး ကျယ်ကျယ်ပြန့်ပြန့် ဆွဲဆောင်နိုင်မှုတွေ ရှိနေတဲ့အကြောင်းနဲ့ပတ်သက်လို့ စိစစ်သုံးသပ်တဲ့အခါ ကျွန်တော်တို့အားလုံးရဲ့ဘဝတွေမှာ ဘယ်အရာဟာ အစစ်အမှန်အရေးကြီးဆုံးလဲဆိုတာ သင်အလိုလိုခံစားသိရှိနေလို့ဖြစ်ကြောင်း ကျွန်တော်တို့မြင်တွေ့ကြရပါတယ်။

ခုလို ဘုရားသခင်ကပေးတဲ့ သင့်ရဲ့သိလွယ်အာရုံခံစားနိုင်စွမ်းရှိမှုတွေသာမပါဘူးဆိုရင် ကျွန်တော်တို့ဟာ အိဒ်စ်နဲ့အိပ်ချ်အိုင်ဗွီရောဂါရှင်တွေ မချိမဆံ့ခံစားနေရတဲ့ဝေဒနာ၊ အိုးမဲ့အိမ်မဲ့ဒုက္ခသည်တွေရဲ့ အတိဒုက္ခ၊ အနာကြီးရောဂါသည်တွေရဲ့ အပယ်ခံဘဝ၊ မြေမြှုပ်မိုင်းတွေရဲ့ ကသောင်းကနင်းဖျက်ဆီးခံရမှုတွေနဲ့ပတ်သက်ပြီး ပိုမိုကြီးမားစွာ မသိနားမလည်ဖြစ်နေမှုကြီးထဲမှာ နှစ်မြှုပ်ခံနေကြရဦးမှာဖြစ်ပါတယ်။

ဒိုင်ယာနာဟာ တစ်ခါတုန်းက ပယ်ချခံထားရတဲ့ သူမရဲ့မဲဆန္ဒနယ်တစ်ခုနဲ့ဆက်သွယ်ဖို့ ဖြစ်နိုင်အောင်ဖန်တီးပေးခဲ့တဲ့ သူမရဲ့ အတွင်းကျကျခံစားရချက်တစ်ခုအကြောင်း ကျွန်တော့်ကို ပြောပြခဲ့ဖူးပါတယ်။ သူမရဲ့အကြောင်းနဲ့ပတ်သက်လို့ ဖြစ်ရပ်မှန်တစ်ခုလည်းရှိပါသေးတယ်။ အားလုံးသော အခြေအနေအဆင့်အတန်းတွေ၊ စွဲမက်ဖွယ်ရာတွေ၊ လက်ခုပ်ဩဘာသံတွေအတွက် သူတစ်ပါးအတွက် ကောင်းကျိုးတွေကိုပဲလုပ်လိုတဲ့ သူမရဲ့ ဆန္ဒနဲ့ ဒိုင်ယာနာဟာ နှလုံးသားမှာ အလွန်အမင်း မလုံခြုံမရေရာတဲ့လူတစ်ယောက်အဖြစ်မျိုးနဲ့ ချန်နေရစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒိုင်ယာနာ

mgyoe.com

mgyoe.com

ဟာ အစားအသောက်ကိုတောင် ဟန်ပြလက္ခဏာအဖြစ် အဆင်မပြေစွာ စားသောက်ရတဲ့ မလျော်မကန်ခံစားရချက်တွေက သူမကိုယ်သူမ ရုန်းထွက်နိုင်ခဲ့ပါတယ်။ သူမရဲ့ ထူးခြားတဲ့အရည်အချင်း စရိုက်လက္ခဏာတွေနဲ့ ပတ်သက်တဲ့ ဒီအပိုင်းကို ကမ္ဘာက ခံစားသတိပြုမိပြီး သူမရဲ့ ပျော့ကွက်ဟာကွက် အားနည်းချက်ကို မြတ်နိုးခွင့်လွှတ်ခဲ့ပါတယ်။

ကျွန်တော် နောက်ဆုံးအကြိမ် ဒိုင်ယာနာကိုမြင်ခဲ့ရတာ ဇူလိုင်လ ၁ ရက်နေ့က လန်ဒန်မြို့မှာပါ။ အဲဒီနေ့ဟာ သူမရဲ့မွေးနေ့ဖြစ်ပါတယ်။ ဒါပေမဲ့ ထုံးစံအတိုင်း ဒိုင်ယာနာကို သူမရဲ့ကိုယ်ပိုင် အထူးနေ့ရက်တစ်ရက် အနေနဲ့ သူမရဲ့မိတ်ဆွေသူငယ်ချင်းတွေနဲ့အတူ မွေးနေ့အခမ်းအနားကျင်းပ ဖို့ ပြင်ဆင်နေတာတွေ့ရခြင်းမဟုတ်ဘဲ ညနေပိုင်း အလှူရန်ပုံငွေကောက်ခံ ပွဲတစ်ခုမှာ ဂုဏ်သရေရှိဧည့်သည်အဖြစ် တွေ့ခဲ့ရတာဖြစ်ပါတယ်။

ကျွန်တော့်ကို ရင်ခွင်ပိုက်ကလေးလေးတစ်ယောက်လို မိခင်သဖွယ် ပြုစုစောင့်ရှောက်ခဲ့တဲ့၊ ကျောင်းမှာ ကျွန်တော်နဲ့ရန်ဖြစ်တဲ့၊ သီတင်းပတ်ကုန် နေ့တွေမှာ မိဘတွေရဲ့အိမ်ကို အဝေးကြီးသွားကြတဲ့အခါတိုင်း လမ်းခရီးမှာ ကျွန်တော့်ကိုသည်းခံတတ်တဲ့ ကျွန်တော့်အစ်မကြီး ဒိုင်ယာနာဟာ အခြေခံ ကစပြီး လုံးဝဘာမှမပြောင်းလဲပါဘူး။ ဒါဟာ ကလေးဘဝနောက်ပိုင်း သူမ ရဲ့အထူးခြားဆုံးကာလကိုရောက်နေချိန်မှာတောင် ဘာမှပျာယာမခတ်ဘဲ ဒိုင်ယာနာရဲ့ အေးဆေးတည်ငြိမ်မှုနဲ့ခွန်အားကို ဂုဏ်ပြုခြင်းပဲဖြစ်ပါတယ်။

သူမဟာ ဒိုင်ယာနာအစစ်မှဒိုင်ယာနာလို့ပြောရအောင် နဂိုအတိုင်း ရှိနေခြင်းပါပဲ။ အဲဒီအချိန်က သူမရဲ့ဘဝမှာ ဦးတည်ချက်လမ်းကြောင်း ဆိုတာ ဘာမှ သံသယဖြစ်စရာမရှိပါဘူး။ အင်္ဂလန်နဲ့ဝေးဝေးကို ထွက်ခွာသွားမယ့်အကြောင်းတွေ မဆုံးနိုင်အောင် ကျွန်တော့်ကိုပြောပြခဲ့ပါတယ်။ သတင်းစာတွေရဲ့လက်ထဲမှာ သွန်လိုသွန် မှောက်လိုမှောက် အရေးခံနေရတာက အဓိကအကြောင်းရင်းဖြစ်ပါတယ်။

သူမရဲ့ ကောင်းမွန်တဲ့ရည်ရွယ်ချက်အစစ်အမှန်တွေကို မီဒီယာတွေက ဘာကြောင့်လှောင်ပြောင်သရော်နေကြတယ်ဆိုတာနဲ့ သူမကို ပြိုလဲအောင်ဆွဲချဖို့ ကြိုးစားနေကြတာလားဆိုတဲ့ စူးစမ်းရှာဖွေမှုတစ်ခု အစဉ်တစိုက် ဘာကြောင့်ပေါ်ပေါက်နေရတယ်ဆိုတာနဲ့ပတ်သက်လို့ သူမ အမြဲ

mgyoe.com

mgyoe.com


နားလည်ခဲ့တယ်လို့ ကျွန်တော်မထင်ခဲ့ဘူး။ ကျွန်တော့်ရဲ့ ကိုယ်ပိုင်တစ်ခု တည်းသောအကြောင်းပြချက်ကတော့ စစ်မှန်တဲ့ကောင်းမွန်ခြင်းတွေက ကိုယ်ကျင့်တရားနယ်ပယ်ရဲ့ ဆန့်ကျင်ဘက်အဆုံးတစ်နေရာမှာ ရှိနေတဲ့ သူတွေကို ခြိမ်းခြောက်နေတယ်ဆိုတာပါပဲ။

ဒါဟာ ဒိုင်ယာနာနဲ့ပတ်သက်တဲ့ ကံကြမ္မာလှည့်ကွက်အားလုံးကို ပြန်လည်သတိရသွားစေဖို့ အချက်တစ်ချက်ဖြစ်ပါတယ်။ အကြီးမားဆုံး ဖြစ်နိုင်တဲ့အချက်ကတော့ ရှေးအမဲလိုက်နတ်ဘုရားမတွေရဲ့နာမည်မျိုး အပေးခံရတဲ့ မိန်းကလေးတစ်ဦးဟာ နောက်ဆုံးတစ်နေ့ ဒီခေတ်သစ်ကမ္ဘာမှာ အမဲလိုက်သလို လိုက်လံဖမ်းဆီးနှောင့်ယှက် ဒုက္ခအပေးခံရဆုံးလူ ဖြစ်လာ တတ်တယ်ဆိုတာပါပဲ။ ဒီနေ့ သူမဟာ သူမရဲ့အချစ်ဆုံးသားတွေဖြစ်တဲ့ ဝီလျံနဲ့ ဟယ်ရီကို အလားတူကံကြမ္မာမျိုး ပေါ်ပေါက်ရခြင်းမှ ကာကွယ်စောင့် ရှောက်ပါ့မယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ကိုယ်တိုင်ကတိပြုမှုကို လိုချင်နေပါ လိမ့်မယ်။ ဒိုင်ယာနာရေ–ကျွန်တော် ခု ဒီနေရာမှာအဲဒီကတိကိုပေးပါတယ်။ သင့်ရဲ့ကိုယ်စား စောင့်ရှောက်ကာကွယ်သွားပါ့မယ်။

သင့်ကို မျက်ရည်အသွယ်သွယ်နဲ့ မျှော်လင့်ချက်တွေပျောက်ဆုံးကုန် အောင် ဖြည်းဖြည်းချင်း အချက်ကျကျတွန်းပို့ခဲ့သလိုမျိုး သူတို့ကို မချိတင် ကဲ ဝေဒနာခံစားရစေဖို့ ကျွန်တော်တို့ခွင့်ပြုမှာမဟုတ်ပါဘူး။ အဲဒါအပြင် သင့်ရဲ့မိခင်နဲ့ ညီအစ်မများကိုယ်စား သင့်ရဲ့သွေးရင်းမိသားစုဖြစ်တဲ့ ကျွန် တော်တို့က ဒီထူးခြားတဲ့လူငယ်လေးနှစ်ဦးကို သင်ဦးဆောင်ပဲ့ကိုင်ခဲ့တဲ့ နည်းလမ်းအတိုင်း စိတ်ကူးရှိသမျှနဲ့ တတ်စွမ်းနိုင်သမျှဆက်လက်ကာကွယ် သွားပါ့မယ်လို့ ကျွန်တော်အာမခံကတိပေးပါတယ်။ ဒါ့ကြောင့် သူတို့ရဲ့ စိတ်ဓာတ်အသည်းနှလုံးတွေဟာ တာဝန်နဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေ ကြောင့် အလွယ်တကူနှစ်မြှုပ်ခံရမှာမဟုတ်ဘဲ သင်အစီအစဉ်ချထားခဲ့တဲ့ အတိုင်း ပွင့်လင်းစွာ တေးသီဆိုနိုင်ကြလိမ့်မှာဖြစ်ပါတယ်။

သူတို့နှစ်ဦးလုံး မွေးဖွားခဲ့ရာအနေအထားနဲ့ ဆင်းသက်လာတဲ့အမွေ အနှစ်ကို ကျွန်တော်တို့ အပြည့်အဝလေးစားသလို တော်ဝင်အဆင့်အတန်း ထဲကသူတို့ကို လေးစားအားပေးသွားပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ သင်နဲ့အလားတူစွာ ဘဝရဲ့ မတူခြားနားတဲ့သွင်ပြင်အနေအထားတွေအရ

mgyoe.com

mgyoe.com

သူတို့ရဲ့ အလေ့အကျင့် အတွေ့အကြုံရှိဖို့ လိုအပ်ချက်ကိုလည်း လက်ခံ အသိအမှတ်ပြုပါတယ်။ ပြီးတော့ ဖြစ်နိုင်သမျှ သူတို့ကို ရေ့နှစ်ပေါင်းများစွာအထိ စိတ်ပိုင်းဆိုင်ရာအရရော ခံစားချက်နဲ့ပါ ကိုင်တွယ်စောင့်ရှောက်သွားပါမယ်။ သင့်အနေနဲ့ ကျွန်တော်တို့ထံက ဘာမှများများစားစားမျှော်လင့်ထားလိမ့်မယ်မဟုတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်။ ဝီလျံနဲ့ဟယ်ရီ ရေ–ဒီနေ့ တို့အားလုံးက မင်းတို့ကို အသည်းအသန်အရေးထား ဂရုစိုက်လျက်ရှိပါတယ်။ ပြီးတော့ တို့အားလုံးဟာ တို့ရဲ့မိခင်မဟုတ်တဲ့မိန်းမသားတစ်ယောက် ဆုံးရှုံးသွားမှုအတွက် ဝမ်းနည်းကြေကွဲမှုကို တနုံ့နုံ့ခံစားနေရတယ်။ မင်းတို့ခံစားနေရတဲ့ဝေဒနာ ဘယ်လောက်ကြီးမားမယ်ဆိုတာ တို့စိတ်ကူးမှန်းဆလို့မရနိုင်အောင်ပါပဲ။

ဒိုင်ယာနာကို သူမရဲ့ အချောမောအဝင်းပဆုံးနဲ့ သူမရဲ့ သီးသန့်ဘဝလေးထဲမှာ ပျော်ရွှင်နေတဲ့အခိုက် ခေါ်ဆောင်သွားမှုကြောင့် ဒီထိတ်လန့်ကြောက်မက်ဖွယ်ကောင်းတဲ့ အချိန်အခါမျိုးမှာ သူ့ရဲ့ ခွင့်လွှတ်သနားကြင်နာမှု ကရုဏာအနည်းငယ်ကို ပြသတော်မူခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်ရင်းနဲ့ ကျွန်တော်အဆုံးသတ်ပါတော့မယ်။ အဓိက ကျွန်တော်အပြောလိုဆုံးအချက်ကတော့ အလွန့်အလွန်ထူးခြားသော၊ အရည်အသွေး ဘက်စုံပြည့်ဝသော၊ အံ့မခန်းလောက်သော၊ အစားထိုး၍မရနိုင်သော၊ ကျွန်တော့်ရဲ့အစ်မလို့ခေါ်ခွင့်ရတဲ့အတွက် ကျွန်တော် ဂုဏ်ယူဝင့်ကြွားရသော အမျိုးသမီးတစ်ဦးရဲ့ဘဝအတွက် ကျွန်တော်တို့က ကျေးဇူးတင်ပါကြောင်းနဲ့ ရုပ်ရောစိတ်ပါ အတွင်းအပြင်လှပတဲ့ ဒိုင်ယာနာဟာ ကျွန်တော်တို့ရင်ထဲက ဘယ်တော့မှပျောက်ကွယ်သွားလိမ့်မှာမဟုတ်ဘူး ဆိုတာပဲဖြစ်ပါတယ်”

mgyoe.com

mgyoe.com

# ဝင်စတန်ချာချီ



**<u>သွေး၊ တပင်တပန်းအလုပ်၊</u>**

**<u>ချွေးနှင့်မျက်ရည်</u>**

**၁၉၄၀ ပြည့်နှစ် မေလ ၁၃ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ပထမဆုံး အကြိမ်ပြောကြား သောမိန့်ခွန်း။**

◆ ဆာဝင်စတန်လီယိုနတ်စပင်ဆာချာချီအား ၁၈၇၄ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် မွေးဖွား၍ ၁၉၆၅ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင်ကွယ်လွန်၊

◆ အထင်ကရ ဗြိတိသျှနိုင်ငံရေးခေါင်းဆောင်ချာချီသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း သတ္တိပြောင်မြောက်စွာ ဦးဆောင်ပါဝင်ခဲ့၊ ပါလီမန်အဖွဲ့ဝင်အဖြစ် အရွေးခံရ[၁၉၉၀]၊ ကုန်သွယ်ရေး အုပ်ချုပ်မှုဘုတ်အဖွဲ့ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၊ ပြည်ထဲရေးဌာန အတွင်းဝန်ဖြစ်လာ၊

◆ ဗြိတိသျှရေတပ်ဦးစီးဌာနဝန်အဖြစ်ခန့်အပ်ခံရ၊ ဒုတိယကမ္ဘာစစ် [၁၉၁၄-၁၈]အတွင်း ဂါလီပိုလီ တိုက်ပွဲဝင်မှုအား ထောက်ခံပြီး ရာထူးမှနုတ်ထွက်ခဲ့၊ စစ်လက်နက်ပစ္စည်းဝန်ကြီးနှင့် စစ်ဝန်ကြီးဌာနအတွင်းဝန်[၁၉၁၇-၂၂]၊ ဘဏ္ဍာရေးဝန်ကြီး[၁၉၂၄-၂၉]၊ ဝန်ကြီးချုပ်အဖြစ် နက်ဗီးလ်ချိန်ဘာလိန်ကိုဆက်ခံ[၁၉၄၀]၊

mgyoe.com

mgyoe.com

- ၁၉၄၁ ခုနှစ်နောက်ပိုင်းတွင် ဖရန့်ကင်ဒီရိုစ်ဗဲ့၊ ဂျိုးဇက်စတာလင်တို့နှင့် ပူဂိုလ်ရေးနီးကပ်စွာဆက်ဆံခဲ့၊ ရွေးကောက်ပွဲတွင် ရှုံးနိမ့် [၁၉၄၅]၊ ဝန်ကြီးချုပ်တစ်ဖန်ဖြစ်လာပြန်[၁၉၅၁-၅၅]၊
- အင်္ဂလိပ်စကားပြောသော ပြည်သူများသမိုင်း[A History of the English- speaking Peoples] စာအုပ်ရေးသားသူ စာရေးဆရာ [၁၉၅၀-၅၈]၊ စစ်အတွင်း အမှတ်တရအတွေ့အကြုံများစာအုပ်အတွက် စာပေနိုဘယ်ဆုချီးမြှင့်ခံရ[၁၉၅၃]။

mgyoe.com

mgyoe.com

# သွေး၊ တပင်တပန်းအလုပ်၊ ချွေးနှင့်မျက်ရည်

"သောကြာနေ့ညနေက ကျွန်တော် ဘုရင့်ထံက အစိုးရသစ်တစ်ရပ်ဖွဲ့စည်းဖို့ တာဝန်ပေးအပ်မှုကို လက်ခံရရှိခဲ့ပါတယ်။ ဒါဟာ ပါလီမန်နဲ့ နိုင်ငံရဲ့အလိုဆန္ဒအတိုင်းဖြစ်ပြီး ဖြစ်နိုင်သမျှ ကျယ်ပြန့်တဲ့အခြေခံတွေပေါ်မှာ ပါတီအားလုံး ပါဝင်ဖွဲ့စည်းသင့်တယ်ဆိုတာလည်း ပေါ်လွင်နေပါတယ်။

ဒီလုပ်ငန်းတာဝန်ရဲ့ အရေးကြီးဆုံးအပိုင်းကို ကျွန်တော်ဆောင်ရွက်ထားပြီးနေပါပြီ။ စစ်အာဏာပိုင်အဖွဲ့တစ်ဖွဲ့ကိုလည်း လေဘာပါတီ၊ အတိုက်အခံပါတီနဲ့ လစ်ဘရယ်တွေ ပါဝင်ကိုယ်စားပြုတဲ့ အဖွဲ့ဝင်ငါးဦးနဲ့ ဖွဲ့စည်းပြီးပြီ။ အထူးတလည် အရေးတကြီးနဲ့ ဆိုးဆိုးဝါးဝါးအဖြစ်အပျက်တွေကြောင့် ဒါဟာ တစ်နေ့တည်းမှာပဲ ဆောင်ရွက်ပြီးစီးဖို့လိုအပ်ပါတယ်။ အခြားအရေးပါတဲ့ ရာထူးနေရာတွေမှာလည်း မနေ့က ဖြည့်ဆည်းဆောင်ရွက်ခဲ့ပြီးပြီ။ နောက်ထပ် အမည်စာရင်းတစ်ခုကိုလည်း ဒီနေ့ည ဘုရင့်ထံ ကျွန်တော်တင်သွင်းမှာဖြစ်တယ်။ အဓိကဝန်ကြီးနေရာတွေမှာ ခန့်ထားမှုကို နက်ဖြန် နောက်ဆုံးထားပြီး အပြီးအစီးဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

တခြားဝန်ကြီးရာထူးတွေ ခန့်အပ်မှုကတော့ ထုံးစံအတိုင်း နောက်ထပ် အချိန်အနည်းငယ်ကြာပါလိမ့်မယ်။ နောက်တစ်ကြိမ် ပါလီမန်အစည်းအဝေးကျင်းပချိန်မှာ ကျွန်တော့်တာဝန်ရဲ့ဒီအပိုင်း ပြီးမြောက်သွားမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ပြီးရင် လိုအပ်တဲ့အင်္ဂါရပ် အခြင်းအရာတွေနဲ့

mgyoe.com

mgyoe.com


ပြည့်စုံတဲ့ အစိုးရအဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လွှတ်တော်အစည်းအဝေးကျင်းပဖို့ ဒီနေ့ဆင့်ခေါ်ပါလို့ အားလုံးအတွက် လွှတ်တော်ဥက္ကဋ္ဌကို ကျွန်တော်အကြံပေးလိုပါတယ်။ ဒီနေ့ ဆောင်ရွက်စရာရှိတဲ့လုပ်ငန်းစဉ်တွေ ပြီးပြတ်သွားတဲ့အခါ လွှတ်တော်ကို မေလ ၂၁ ရက်နေ့အထိ ရွှေ့ဆိုင်းဖို့နဲ့ လိုအပ်ရင်စောကျင်းပဖို့ အဆိုပြုရန်ဖြစ်ပါတယ်။ အဲဒီအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းဆောင်တာတွေကို ပါလီမန်အဖွဲ့ဝင်တွေထံ စောနိုင်သမျှအစောဆုံး အခါအခွင့်သင့်သလို ထုတ်ပြန်ပေးမှာဖြစ်ပါတယ်။

ဒီတော့ကာ အဆင့်ဆင့်ဆောင်ရွက်ပြီးသမျှတွေကို လွှတ်တော်က ဆုံးဖြတ်ချက်ချမှတ် အတည်ပြုမှတ်တမ်းတင်ပေးပါရန်နဲ့ အစိုးရသစ်အပေါ် အယုံအကြည်ရှိကြောင်း ကြေညာပေးပါလို့ လွှတ်တော်ကို ကျွန်တော် ဖိတ်မန္တကပြုအပ်ပါတယ်။

လွှတ်တော်က ဆုံးဖြတ်ရမှာကတော့ 'ဤလွှတ်တော်သည် စည်းလုံးညီညွတ်သော၊ ဂျာမနီနှင့်ဖြစ်ပွားနေသောစစ်ကို နိုင်အောင်အဆုံးသတ်ရေးအတွက် ဆက်လက်တိုက်ခိုက်ရန် နိုင်ငံတော်၏ပိုင်းဖြတ်ချက်သန္နိဋ္ဌာန်ကို ကိုယ်စားပြုသည့် အစိုးရအဖွဲ့တစ်ရပ် ဖွဲ့စည်းခြင်းကိုကြိုဆိုသည်'လို့ ဖြစ်ပါတယ်။

ဤအတိုင်းအတာ ပမာဏနဲ့ ခက်ခဲရှုပ်ထွေးတဲ့အခြေအနေမှာ အစိုးရတစ်ရပ်ဖွဲ့ရေးဟာ လေးနက်တဲ့တာဝန်ယူမှုဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ သမိုင်းရဲ့အကြီးမားဆုံးစစ်ပွဲတွေထဲက စစ်ပွဲတစ်ပွဲရဲ့ ပဏာမနိဒါန်းအဆင့်မှာပဲရှိနေပါသေးတယ်။ တစ်ချိန်တည်းမှာ ကျွန်တော်တို့ဟာ အခြားနေရာတွေမှာလည်း တိုက်ခိုက်နေရပါတယ်။ နော်ဝေမှာရော ဟော်လန်မှာပါ တိုက်ခိုက်နေတယ်။ မြေထဲပင်လယ်မှာလည်း တိုက်ပွဲဝင်ဖို့ ပြင်ဆင်ရပါဦးမယ်။ လေကြောင်းတိုက်ပွဲတွေ ဆက်ဖြစ်နေတယ်။ ဒါနဲ့မပြီးသေးဘူး။ ပြည်တွင်းမှာလည်း ပြင်ဆင်မှုတွေပြုလုပ်ဖို့ အများအပြားရှိနေတယ်။

ဒီအခက်အခဲကာလမှာ ကျွန်တော့်အနေနဲ့ ဒီနေ့လွှတ်တော်အစည်းအဝေးမှာ အချိန်ယူပြီး အသေးစိတ်ပြီးဆုံးတဲ့အထိ ကျွန်တော်မတက်ရောက်နိုင်ခဲ့ရင် ခွင့်လွှတ်ကြလိမ့်မယ်လို့ ထင်ပါတယ်။ ပြီးတော့ နိုင်ငံရေးပြုပြင်

mgyoe.com

mgyoe.com

ပြောင်းလဲမှုကြောင့် ထိခိုက်မှုရှိခဲ့တဲ့ ကျွန်တော်ရဲ့မိတ်ဆွေနဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ ဒါမှမဟုတ် လုပ်ဖော်ကိုင်ဖက်ဟောင်းတွေအနေနဲ့ အခမ်းအနားမှာ ဆောင်ရွက်စရာ လိုအပ်သမျှအားလုံးကို မဆောင်ရွက်နိုင်ဘဲ ချွတ်ယွင်းချက်တစ်စုံတစ်ရာရှိခဲ့ရင် သက်ညှာထောက်ထား ခွင့်လွှတ်ကြမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

ခုအစိုးရအဖွဲ့မှာ ပါဝင်လာတဲ့ဝန်ကြီးတွေကို ကျွန်တော်ပြောခဲ့သလို လွှတ်တော်ကို ကျွန်တော်ပြောလိုက်ပါတယ်။ ကျွန်တော့်မှာ သွေးရယ်၊ တပင်တပန်း မနားမနေလုပ်ကိုင်တာရယ်၊ ချွေးနဲ့မျက်ရည်ကလွဲလို့ ဘာမှ ပေးဆပ်စရာမရှိပါဘူး။ကျွန်တော်တို့ရှေ့မှာ ကြေကွဲဝမ်းနည်းစရာအကောင်းဆုံး ဒုက္ခသုက္ခတွေရှိနေပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရှေ့မှာ ရုန်းကန်စရာ၊ ခံစားစရာတွေ များစွာရှိနေပါတယ်။

ကျွန်တော်တို့ရဲ့မူဝါဒဟာဘာလဲ ခင်ဗျားတို့ကမေးမယ်။ ကျွန်တော်ပြောလိုက်မယ်၊ ကြည်း ရေ လေ ဘက်စုံစစ်ပွဲကြီး ဆင်နွှဲတိုက်ခိုက်ဖို့ပဲ။ ဘုရားသခင်က ကျွန်တော်တို့ကိုပေးထားတဲ့ ကျွန်တော်တို့ရဲ့ ကြီးမားတဲ့အင်အား၊ ကျွန်တော့်တို့မှာ ရှိသမျှခွန်အားစွမ်းပကားနဲ့ တိုက်ရမယ့်စစ်ပွဲကြီးဖြစ်တယ်။ ကြောက်ခမန်းလိလိ စက်ဆုပ်စရာကောင်းပြီး အမှောင်ကျနေတဲ့ ကြေကွဲစရာအဖြစ်အပျက်တွေထဲမှာ ဘယ်သောအခါမှ ဒါထက်ပိုနိုင်ခြင်းမရှိအောင် လူသားတွေအပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတစ်သီကြီးပေါ်ပေါက်နေတဲ့ နိုင်လိုမင်းထက်ပြုနေမှုကြီးကို တိုက်ရမယ့်စစ်ပွဲလည်းဖြစ်တယ်။ အဲဒါ ကျွန်တော်တို့မူဝါဒပဲ။

ကျွန်တော်တို့ရဲ့ရည်မှန်းချက်ကဘာလဲ။ ခင်ဗျားတို့မေးမယ်။ ကျွန်တော် စကားလုံးတစ်လုံးတည်းနဲ့ ဖြေနိုင်ပါတယ်။ အဲဒါ အောင်ပွဲပဲ။ အားလုံးသော အကြမ်းဖက်မှုတွေရှိနေတဲ့ကြားက ဖြစ်တဲ့နည်းနဲ့အရယူရမယ့် အောင်ပွဲဖြစ်တယ်။ အောင်ပွဲ။ ဘယ်လောက် ရှည်ကြာရှည်ကြာ၊ ဘယ်သော့ကခက်ခဲခက်ခဲတဲ့ခရီးလမ်းဖြစ်ပါစေ အောင်ပွဲမရှိရင် ကျွန်တော်တို့ ရှင်သန်ခွင့်ရှိမှာမဟုတ်လို့ပဲ။

မဟုတ်ရင် ဗြိတိသျှအင်ပါယာအတွက် လွတ်မြောက်ရှင်သန်နိုင်စရာ

mgyoe.com

mgyoe.com


မရှိတော့ဘူး။ ဇြိတိသျှအင်ပါယာတစ်ခုလုံး ဆက်လက်ရပ်တည်ရှင်သန် နိုင်မှာမဟုတ်ဘူး။ လူသားတွေ သူတို့ရည်မှန်းချက်ပန်းတိုင်ဆီ ရှေ့ကို ဆက်လက်ရွေ့လျားဖို့ လှုံ့ဆော်မှုနဲ့ ခေတ်ရဲ့ ပြင်းပြတဲ့ဆန္ဒတွေ ဆက်လက် ရှင်သန်ခွင့်ရှိမှာမဟုတ်တော့ဘူး။ အဲဒါကို သဘောပေါက်နားလည်စေချင် ပါတယ်။

ရဲဝံ့တက်ကြွစွာ၊ မျှော်လင့်ချက်ကြီးမားစွာနဲ့ ကျရောက်တဲ့လုပ်ငန်း တာဝန်ကို ကျွန်တော်ယူလိုက်ပါပြီ။ ကျွန်တော်တို့ရဲ့အရေးဟာ ဘယ်တော့ မှ မရှုံးနိမ့်နိုင်ဘူးဆိုတာ ကျွန်တော် အသေအချာခံစားမိပါတယ်။ ဒီအခြေ အနေ၊ ဒီအဆင့်၊ ဒီအချိန်မျိုးမှာ အားလုံးရဲ့အကူအညီ အထောက်အပံ့ကို ကျွန်တော် တောင်းဆိုပိုင်ခွင့်ရှိတယ်လို့ ကျွန်တော်သတိပြုမိပါတယ်။ ဒါ့အပြင် ကျွန်တော့်မှာ ခုလိုပြောခွင့်ရှိတယ်လို့ ကျွန်တော်ခံစားမိပါတယ်။

'ကဲ–လာကြပါ၊ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်တဲ့ ခွန်အား စွမ်းပကားတွေနဲ့ အတူတကွ ရှေ့ကိုချီတက်ကြပါစို့"

mgyoe.com

mgyoe.com

"ဂျာမန်လူထုဟာ ဆိုဗီယက်တွေထံ လက်နက်ချသင့်ပါသလား။ အရှေ့ဖျားနဲ့ ဥရောပအရှေ့တောင်ပိုင်းတစ်ခုလုံးကို ပိုမိုကြီးမားတဲ့ ဂျာမန်နိုင်ငံ အင်ပါယာကြီးဖြစ်လာအောင် သိမ်းပိုက်သင့်ပါသလား။ ဆိုဗီယက်ယူနီယံ ပါဝင်တဲ့ အဲဒီဒေသနယ်ပယ်တစ်ခွင်လုံးပေါ်မှာ ရောမကြီးမားစွာချဲ့ထွင်ပြီး သံကွန်ရက်ကန့်လန့်ကာကြီးတစ်ခု [အိန်အိုက် စယာဖော်ဟာန်း]ချက်ချင်းကျလာ တော့မှာဖြစ်တယ်"

ဂျိုးဇက်ဂိုးဘဲလ်စ် [၁၈၉၇-၁၉၄၅]
နာဇီဝါဒဖြန့်ချိရေးဝန်ကြီး

"ဘုရားသခင်ရှိတယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒါနဲ့ပတ်သက်လို့ မေးခွန်းထုတ်စရာအကြောင်းမရှိပါဘူး။ ဘုရားသခင်ထံတော်အောက် အဆုံးမရှိအောင် ကျွန်တော်တို့ထက်ပိုမိုကြီးမားတဲ့ ဉာဏ်တော်တွေရှိနေတယ်လို့လည်း ကျွန်တော်ခံစားရပါတယ်။ ဒီကမ္ဘာမြေပေါ်မှာလည်း မယုံကြည်နိုင်လောက်အောင် ထူးခြားတဲ့စွမ်းအင်တွေနဲ့ လူသားတွေရှိနေပြီး အများစုက အဲဒါကို သတိမထားမိ၊ မသိရှိကြဘူးဆိုတာ ကျွန်တော် အခိုင်အမာပြောနိုင်ပါတယ်။ ဒါပေမဲ့ လူတိုင်းလူတိုင်းမှာ ဘာတွေဖြစ်ခဲ့တယ်၊ ကျွန်တော့်မှာ ဘာဖြစ်နေပြီး သင့်မှာ ဘာဖြစ်လာနိုင်တယ်ဆိုတဲ့ အသိမှတ်တမ်းလေးတစ်ခုတော့ရှိလိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

၁၉၇၅ ခုနှစ်တွင် ထုတ်ဝေသည့် 'ကျွန်တော့်ဇာတ်လမ်း' [My Story] အမည်ရှိ ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် ယူရိဂဲလား ရေးသားဖော်ပြခဲ့သည့်စကား။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဆွာမိဗီဗီကာနန်ဒါ



**အလုပ်နှင့် ယင်း၏လျှို့ဝှက်ချက်**

**၁၉၀၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့၌ပို့ချချက်။**

- ဆွာမိဗီဗီကာနန်ဒါ နာရင်ဒရာနတ်ဒတ္တားကို ၁၈၆၃ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌မွေးဖွားခဲ့၊ ဘူဗနေ်နီရှဝါရီနှင့် ဗိရှဝါနတ်ဒတ္တားတို့၏သားဖြစ်၊ ရှရီရာမာ ခရစ္စနာနှင့်ဆက်သွယ်[၁၈၈၂]၊
- ရဟန်းဘောင်သို့ဝင်၍ ကာလကတ္တားပြည်နယ်၊ ဘရာနာဂိုးမြို့၌ ဘုန်းတော်ကြီးကျောင်းတည်ထောင်[၁၈၈၆]၊ ကန်ယာကုမာရီတွင် ဘုရားဖူးခရီးအဆုံးသတ်ခဲ့[၁၈၉၂]၊ ချီကာဂို ကမ္ဘာ့ဘာသာရေးဆိုင်ရာ ဥပဒေပြုအဖွဲ့ညီလာခံအစည်းအဝေးသို့ တက်ရောက်[၁၈၉၃]၊ ရာမာခရစ္စနာမစ်ရှင်အဖွဲ့ကို တရားဝင်ဖွဲ့စည်းတည်ထောင် [၁၈၉၇]၊ အနောက်နိုင်ငံ ဒုတိယအကြိမ်ခရီးထွက် [၁၈၉၉]၊ ဘီလာမက်[၁၈၉၉]၊ ဇူလိုင်လ ၄ ရက်နေ့တွင်ကွယ်လွန်[၁၉၀၂]၊ ဘာသာရေးခေါင်းဆောင်နှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးကြိုးပမ်းသူ စာရေးဆရာတစ်ဦးလည်းဖြစ်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အလုပ်နှင့် ယင်း၏လျှို့ဝှက်ချက်

"ကျွန်တော့်ဘဝမှာ လေ့လာဆည်းပူးခဲ့သမျှ အကြီးကျယ်ဆုံးသော သင်ခန်းစာတွေထဲက တစ်ခုကတော့ အလုပ်ရဲ့နည်းစနစ် ဆောင်ရွက်ရမယ့်နည်းလမ်းအပေါ် အဆုံးတိုင်အထိ အာရုံစိုက်နိုင်သမျှ စိုက်ပြီး အလေးဂရုပြုမှုရှိဖို့ပဲ ဖြစ်ပါတယ်။ သူဟာ ကျွန်တော် လေ့လာတွေ့ရှိခဲ့တဲ့ လူတွေထဲမှာ ရောမထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး သူ့ရဲ့ကိုယ်ပိုင်ဘဝဟာ ဒီကြီးကျယ်မွန်မြတ်တဲ့ သဘောတရားနိယာမရဲ့ လက်တွေ့သာဓကပဲဖြစ်ပါတယ်။ ပြီးတော့ ဒါဟာ အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်တွေ ဒီမှာရှိပါလားဆိုတာ ကျွန်တော့်ကိုပြလိုက်တာပါပဲ။ ကျင့်စဉ်နည်းလမ်းစနစ်တွေပေါ်မှာ အဆုံးတိုင်အတတ်နိုင်ဆုံး အာရုံစိတ်ထားရမယ်လို့။

ဘဝမှာ ကျွန်တော်တို့ရဲ့ အကြီးမားဆုံးချွတ်ယွင်းချက်ဟာ အကောင်းဆုံး စံပြဖြစ်ဖို့နဲ့ပတ်သက်လို့ စိုးရိမ်ပူပန်မှုများပြားနေခြင်းဖြစ်တယ်။ ရည်ရွယ်ချက်ပန်းတိုင်ဟာ အတိုင်းထက်အလွန် ကြည်နူးနှစ်သက်စရာ ကောင်းပါတယ်။ အလွန့်အလွန်မှလည်း ဆွဲဆောင်မှုအားကောင်းပါတယ်။ကျွန်တော်တို့ရဲ့စိတ်နယ်ပယ်မှာ အတိုင်းအဆကြီးမားတဲ့ အရာလည်း ဖြစ်တယ်။ ကျွန်တော်တို့က ဒီအချက်တွေကို ပေါင်းရုံးစုပြီး အတူတကွ အသေးစိတ် မမြင်ဘဲ ဖြစ်နေတာပါ။ ကျွန်တော်တို့ ရှုံးနိမ့်မှုနဲ့ ကြုံကြိုက်ရတဲ့ အခါတိုင်း နှိုင်းနှိုင်းဆဆနဲ့ ထိထိရောက်ရောက် ပြန်ပြီး ဝေဖန်ဆန်းစစ်လိုက်ရင် ၉၉

mgyoe.com

mgyoe.com
ရာခိုင်နှုန်းသော ဆုံးရှုံးရတဲ့အကြောင်းရင်း အဖြစ်မှန်ဟာ ကျွန်တော်တို့က အလုပ်ကိုဆောင်ရွက်ရမယ့် နည်းလမ်းအပေါ်မှာ စူးစူးနစ်နစ် အာရုံမစိုက်ခဲ့လို့ဆိုတာ တွေ့ရပါလိမ့်မယ်။ ဒီနေရာမှာ အလုပ်ရဲ့ပြီးမြောက်မယ့် နိဂုံးအပိုင်းကို တကယ့်သေသေချာချာအလေးထားမှုနဲ့ ဆောင်ရွက်တဲ့ နည်းစနစ်တွေအားကောင်းလာအောင်ပြုလုပ်ဖို့ဟာ ကျွန်တော်တို့ရဲ့ အဓိကလိုအပ်ချက်ပါပဲ။ မှန်ကန်တဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်သွားမယ်ဆိုရင် ပြီးမြောက်မှုဟာ မလွဲမသွေရောက်ရှိလာမှာ ဖြစ်တယ်။

ကျွန်တော်တို့ဟာ အကြောင်းကြောင့်အကျိုးဖြစ်တယ်ဆိုတဲ့ အကြောင်းအကျိုးဆက်စပ်မှုကို မေ့နေတာပါ။ အကျိုးရလဒ်တစ်ခုဟာ ဘယ်တော့မှ သူ့ချည်းသက်သက် အလိုလိုရောက်လာတာမဟုတ်တဲ့အတိုင်း အကြောင်းတစ်ရပ် တိတိကျကျခိုင်ခိုင်မာမာမရှိရင် ဘာအကျိုးသက်ရောက်မှုမှ ထွက်ပေါ်လာလိမ့်မှာမဟုတ်ပါဘူး။ အကောင်းဆုံးအကျိုးရလဒ်ကို ရွေးချယ်ထားပြီး နည်းလမ်းအစီအစဉ်တွေလည်း ဆုံးဖြတ်ထားပြီဆိုရင် ကျွန်တော်တို့အနေနဲ့ အကျိုးဆက်ကို မျှော်လင့်နေရုံပါပဲ။ ဘာကြောင့်လဲဆိုတော့ နည်းလမ်းတွေ ပြည့်စုံလုံလောက်စွာ ချထားဆောင်ရွက်ရင် အကျိုး သက်ရောက်မှုကောင်းတွေ မလွဲဧကန် ရရှိလာတော့မှာဖြစ်လို့ပါပဲ။

အကြောင်းရင်းရှိရင် အကျိုးတရားဖြစ်ပေါ်ဖို့ အခက်အခဲမရှိပါဘူး။ အကျိုးရလဒ်က သူ့အလိုလိုကိုရောက်လာမှာဖြစ်တယ်။ အကောင်းဆုံး၊ အသင့်တော်ဆုံးဖြစ်မယ့်အရာနဲ့ပတ်သက်လို့ သိရှိသဘောပေါက်ပြီဆိုရင် အဲဒါဟာ အကျိုးသက်ရောက်မှုကိုရရှိတာပါပဲ။

အမှန်အားဖြင့် အကြောင်းရင်းဟာနည်းလမ်းဖြစ်ပါတယ်။ ဒါကြောင့် နည်းလမ်းအပေါ် အာရုံစိုက် အလေးအနက်ပြုခြင်းဟာ ဘဝရဲ့အကြီးကျယ်ဆုံး လျှို့ဝှက်ချက်ဖြစ်တယ်။ ဒီအကြောင်းကို ကျွန်တော်တို့ Gita ထဲမှာလည်းဖတ်ခဲ့ဝတယ်။ ပြီးတော့ ကျွန်တော်တို့အလုပ်လုပ်ဖို့ရှိတယ်။ ကျွန်တော်တို့မှာရှိသမျှစွမ်းအားနဲ့ ကျွန်တော်တို့စိတ်တစ်ခုလုံးကို အလုပ်ထဲမှာ နှစ်မြှုပ်ထားအောင် အစဉ်တစိုက်လုပ်ရမယ်ဆိုတာကို လေ့လာပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီလိုကျွန်တော်တို့လုပ်နေကြတာပါပဲ။ တစ်ချိန်တည်းမှာ ကျွန်တော်တို့ဟာ ဘာသံယောဇဉ်အတွယ်အတာမှ တွယ်ကပ်ပြီး ထွေပြားခြင်း
mgyoe.com

mgyoe.com



ရှိမနေရဘူး။ ကျွန်တော်ဆိုလိုတာက ကျွန်တော်တို့ကို ဘယ်အရာကမှ အလုပ်ကနေဆွဲယူသွားခံရခြင်း၊ ပျံ့လွင့်ထွက်သွားခြင်းမရှိစေဘဲ ကျွန်တော်တို့စိတ်ကြိုက်အချိန်တိုင်းမှာ အလုပ်ကထွက်ခွာသွားနိုင်တဲ့အထိ စွဲစွဲမြဲမြဲရှိနေဖို့ဖြစ်ပါတယ်။

ကျွန်တော်တို့ဘဝတွေကို ပြန်ပြီးစစ်ဆေးဆန်းစစ်ရင် ဒီနေရာမှာ သောကဖြစ်စေတဲ့ အဓိကအကြီးမားဆုံးအကြောင်းရင်းကို ဒီလိုတွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ တစ်စုံတစ်ရာကို ကျွန်တော်တို့ရှိသမျှအစွမ်းနဲ့ ပြုလုပ်ပြီဆိုပါစို့၊ အဲဒါဟာ ရှုံးနိမ့်ကောင်းရှုံးနိမ့်နေမယ်။ ဒါပေမဲ့ ကျွန်တော်တို့ကလည်း လက်မဖြောက်အရှုံးမပေးနိုင်ဘူး။ အဲဒါဟာ ကျွန်တော်တို့ကို ထိခိုက်နေတယ်။ အဲဒီက အနိုင်နိုင်စွန့်ခွာမသွားနိုင်သေးဘဲ ဆက်ပြီး ဖက်တွယ်လုပ်နေသမျှ ကျွန်တော်တို့ကို နာကျင်ဒုက္ခပေးနေမယ်ဆိုတာလည်း သိတယ်။ ပျားတွေက ပျားရည်အိုးဆီကိုရောက်လာပြီး ပြန်စွန့်ခွာမသွားနိုင်သလိုပေါ့။ ထပ်ဖန်တလဲလဲ အဲဒီအခြေအနေမှာ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ မြင်အောင်ရှုရမယ်။ ဒါဟာ ဘဝရပ်တည်မှု၊ အသက်ရှင်နေမှုရဲ့ လျှို့ဝှက်ချက်တစ်ခုလုံးဖြစ်တယ်။

ကျွန်တော် ဒီလူ့ဘဝမှာ ဘာကြောင့်ရှိနေကြသလဲ။ ပျားရည်ကိုစုပ်ယူသောက်သုံးဖို့ ကျွန်တော်တို့ရောက်လာတယ်။ ကျွန်တော်တို့ရဲ့ လက်တွေခြေတွေအားလုံး အဲဒီမှာငြိတွယ်နေတယ်။ ဖမ်းဖို့လာတဲ့ ကျွန်တော်တို့ကိုယ်တိုင် ဒီမှာပြန်ပြီးအဖမ်းခံနေရတယ်။ ကျွန်တော်တို့ အရသာအာရုံတွေခံစားပြီး မွေ့လျော်ကြည်နူးဖို့ ရောက်လာကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ပျော်တော်ဆက်နေရတယ်။ ကျွန်တော်တို့ ဒီကိုအုပ်ချုပ်ဖို့ရောက်လာကြ တယ်။ ဒါပေမဲ့ ကျွန်တော်တို့သာ စိုးမိုးအုပ်ချုပ်ခံနေရတယ်။ ကျွန်တော် တို့က အလုပ်အကျွေးပြုနေရတယ်။ အချိန်တိုင်း ကျွန်တော်တို့ အဲဒါကို တွေ့မြင်နေရတယ်။ ဒါဟာ ကျွန်တော်တို့ဘဝကို အနုစိတ်မြင်ရပုံပဲ။

ကျွန်တော်တို့ဟာ သူတစ်ပါးရဲ့စိတ်နဲ့ အလုပ်လုပ်နေရတယ်။ သူတစ်ပါး စိတ်တိုင်းကျဖြစ်အောင် ကျွန်တော်တို့ရုန်းကန်နေရတယ်။ ကျွန်တော်တို့က ဘဝရဲ့သာယာမှုတွေကို ခံစားချင်တယ်။ အဲဒီဆန္ဒရမ္မက်တွေက ကျွန်တော်တို့ရဲ့အသည်းနှလုံး၊ ဦးနှောက်နဲ့ အာရုံ စတဲ့အရာတွေလို

mgyoe.com

mgyoe.com

အသက်ရှင်ဖို့ မရှိမဖြစ်လိုအပ်တဲ့ခွန်အားတွေကို စားသုံးပစ်နေတယ်။

ကျွန်တော်တို့က သဘာဝတရားကြီးထံက အရာရာကိုလိုချင်နေကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အမောတကော အသက်ရှင်နေတဲ့ ဘဝခရီးရှည်ထဲမှာ သဘာဝတရားကသာ ကျွန်တော်တို့ထံက သူလိုသမျှအရာတိုင်းကို ပြန်ယူနေတာခံရတယ်။ ကျွန်တော်တို့ လျှော့နည်းကုန်ခန်းအောင်လုပ်ပြီး ဘေးဖယ်ပထုတ် ဥပေက္ခာပြုထားတယ်။ ခုပြောတဲ့အတိုင်းဖြစ်နေတာမဟုတ်လား။ ဘဝဆိုတာ နေလောင်နေသလိုပါပဲ။

ဒါပေမဲ့ ကိစ္စမရှိပါဘူး။

ကျွန်တော်တို့သာ အဖမ်းမခံရဘူးဆိုရင်၊ အဲဒီအနှောင်အဖွဲ့ထဲမှာ ငြိမနေရင် ရှုံးနိမ့်မှုတွေနဲ့ အောင်မြင်မှုတွေ၊ ဝမ်းသာပျော်ရွှင်မှုနဲ့ ပူဆွေးသောကတွေနဲ့အတူ ဒါဟာ ဘဝနေပူရဲ့ဖြစ်စဉ်တစ်ခုအနေနဲ့သာ ရှိနေနိုင်ပါတယ်။ အဲဒါဟာ ကျွန်တော်တို့မှာ ပူးကပ်ခံရတဲ့ဝေဒနာရဲ့ အကြောင်းရင်း၊ ကျွန်တော်တို့ဖမ်းဆီးနှောင်ဖွဲ့ခံရတဲ့ အကြောင်းရင်းပါပဲ။ ဒီတော့ အလုပ်လုပ်ပါ။ ဒါပေမဲ့ မရောထွေး မပူးကပ်ပါစေနဲ့။ အဖမ်းမခံရစေနဲ့၊ မမိစေနဲ့။

ဘယ်မျှ ချစ်ခင်သူဖြစ်စေကာမူ၊ စိတ်က ဘယ်မျှတမ်းတလိုချင်တဲ့ အရာဖြစ်စေကာမူ၊ တကယ်လို့ အဲဒီအရာကစွန့်ခွာတော့မယ်ဆိုရင် စိတ်သောကဝေဒနာ ဘယ်မျှကြီးမားစွာခံစားရမယ့်အကြောင်း ရှိစေကာမူ အဲဒီအရာဆန္ဒအားလုံးကို ဖြတ်တောက်စွန့်ခွာနိုင်တဲ့ မိမိအစွမ်းပကားကို ထိန်းထားပါ။ လိုချင်တဲ့စိတ်ရှိတဲ့အခါတိုင်း ပစ်ပယ်စွန့်ခွာနိုင်တဲ့စိတ်စွမ်းအင်ရှိအောင် ထိန်းပါ။ အဲဒီဘဝထဲမှာ ဒါမှမဟုတ် တခြားဘယ်ဘဝတစ်ခုခုမှာ ဖြစ်ဖြစ် အားနည်းချက်၊ ပျော့ကွက်ဟာကွက်တွေအတွက် နေရာရှိတော့မှာ မဟုတ်ပါဘူး။ အားနည်းချက်တွေက ကျွန်အဖြစ်လို နှံ့နစ်စေတတ်ပါတယ်။

ပျော့ကွက် ဟာကွက် အားနည်းချက်တွေက ရုပ်ပိုင်း စိတ်ပိုင်း ဝေဒနာမျိုးစုံ ပေါ်ပေါက်ခံစားရအောင် တွန်းပို့ပါတယ်။ ပြောမယ်ဆို အားနည်းချက်ရှိခြင်းဟာ သေခြင်းပါပဲ။ ကျွန်တော်တို့ဝန်းကျင် ဟိုဟိုဒီဒီနေရာအနှံ့မှာ အဏုဇီဝ ဝေဒနာသောကဝေဒနာ အသေးအမွှားတွေ ရာပေါင်း ထောင်ပေါင်းများစွာ စီးမျောနေတယ်။ ကိစ္စမရှိဘူး၊ သူတို့ ကျွန်တော်တို့ကို မချဉ်းကပ်

mgyoe.com

mgyoe.com


မပူးသတ်ဝံ့ပါဘူး။ ကျွန်တော်တို့စိတ်ဓာတ်တွေ မပျော့ညံ့အား မနည်းမချင်း သူတို့မှာ ကျွန်တော်တို့ကို ကိုင်တွယ်ခြယ်လှယ်နိုင်တဲ့အစွမ်း သတ္တိ မရှိပါဘူး။ ဒါဟာ ကြီးမားတဲ့အကြောင်းတရား၊ ဘဝရဲ့ခွန်အားပါပဲ။ အားနည်းတာ၊ ပျော့ညံ့တာဟာ သေတာနဲ့အတူတူပဲ။ ခွန်အားစွမ်းပကားသာလျှင် ကြီးမားတဲ့ ပျော်ရွှင်ချမ်းမြေ့မှု၊ ဘဝရဲ့ ထာဝရမြဲမြံမှု အမြဲတေဖြစ်ပြီး အားနည်းခြင်းဟာ သေဆုံးခြင်းဖြစ်တယ်။

သင်ဟာ တစ်ကိုယ်ကောင်းစိတ် အတ္တတရား သိပ်ကင်းနေပြီဆိုရင် ဘုရားရှင်အဆုံးအမအတိုင်း တည်တာပါပဲ။ ကျွန်တော်တို့ ကိုယ့်ကိုယ်ကို သတိနဲ့ မပြတ်ဆင်ခြင်သုံးသပ်နေရမယ်။ အချိန်အတိုင်းအတာတစ်ခုအတွက် ဒါတွေကို ကျွန်တော်တို့အများကြီးလုပ်နိုင်သလို တခြားသူတွေအတွက်လည်း ဆောင်ရွက်ပေးနိုင်တယ်။ ကျွန်တော်တို့ လိုအပ်သမျှနည်းလမ်းအတိုင်း အပြည့်အဝဆောင်ရွက်ကြပါစို့။ နိဂုံးပိုင်းက သူ့သဘာဝအတိုင်း ရောက်ရှိလာမှာဖြစ်တယ်။ ကျွန်တော်တို့ဘဝတွေ ကောင်းမွန်စစ်မှန်နေရင် ကမ္ဘာကြီး မွန်မြတ်သန့်စင်နေနိုင်ပါတယ်။ ဒါဟာ အကျိုးဆက်ဖြစ်ပြီး ကျွန်တော်တို့တွေက အကြောင်းရင်းနည်းလမ်း ဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော်တို့အားလုံး ကိုယ်တိုင်မွန်မြတ်စစ်မှန်စင်ကြယ်ကြပါစို့။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ပကတိမွန် မြတ်အပြစ်ကင်းစင်အောင် ဆောင်ရွက်ကြပါစို့”

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

“ဒါဟာ အံ့ဖွယ်ထူးခြားတဲ့ပုဂ္ဂိုလ်တစ်ဦးရဲ့အကြောင်း အဖြစ်အပျက်ဇာတ်လမ်းတစ်ခုဖြစ်ပါတယ်။ သူ့ကို ‘မြင့်မြတ်တဲ့ဘာသာရေးပုဂ္ဂိုလ်’၊ ‘လျှို့ဝှက်နက်နဲဆန်းကြယ်သူ’၊ ‘သူတော်စင်’ သို့မဟုတ် ‘လူယောင်ဖန်ဆင်းထားတဲ့နတ်ဒေဝတာ’ ဆိုတာတွေထက် ဘက်စုံတွေးတောနိုးနွယ်မှုတွေ၊ စိတ်ထိခိုက်ခံစားစေနိုင်စွမ်းရှိတဲ့စကားလုံးတွေနဲ့ စာဖတ်သူတွေကို ဆွဲဆောင်နိုင်သူ၊ သူတစ်ပါးကို တွန်းလှန်ဖယ်ရှားနိုင်သူလို့သာ ရိုးသားစွာ ခေါ်ဝေါ်သုံးနှုန်းပြီး ကျွန်တော်စတင်ပြောဆိုလိုပါတယ်။

ထူးခြားအံ့ဖွယ်ဖြစ်စဉ်တစ်ခုဟာ အခါခပ်သိမ်း အမြဲတမ်း အဖြစ်မှန်အကြောင်းချက်တစ်ခုဖြစ်ပါတယ်။ ကိုယ်တွေ့အခြင်းအရာလည်းဖြစ်တယ်။ ဒါဟာ ရာမာခရစ္စနာနဲ့ပတ်သက်လို့ ကျွန်တော် ဘယ်လိုကြိုးစားချဉ်းကပ်ဖော်ပြသွားမယ်ဆိုတာ ပြောပြခြင်းဖြစ်တယ်။

ဒီစာအုပ်ကို ယုံကြည်သူတွေအတွက်ရော၊ မယုံကြည်သူတွေအတွက်ပါ အရင်းခံပြီး ကျွန်တော်ရေးသားခဲ့တာမဟုတ်ပါဘူး။ ကျွန်တော်ရည်ရွယ်ရေးသားတဲ့ လူအမျိုးအစားကတော့ အလွန်ထူးခြားအံ့ဖွယ်တွေကို လက်ခံအသိအမှတ်ပြုဖို့ မကြောက်ရွံ့တတ်သူ တစ်ဦးအတွက်သာ ရည်ရွယ်ပါတယ်။ ဒီအချက်ကို သူ ဘယ်နေရာမှာတွေ့ရှိတယ်ဆိုတာ အကြောင်းမဟုတ်ဘူး။ ထူးခြားအံ့ဖွယ်တစ်ခုကို အစဉ်အမြဲသတိပြုရှာဖွေကြည့်ရှုတတ်တဲ့ စာဖတ်သူအမျိုးအစားကိုပဲ ကျွန်တော်တိုက်တွန်းပါတယ်။ ရာမာခရစ္စနာအကြောင်းကို အလားတူသိချင်စူးစမ်းချင်တဲ့ ပွင့်လင်းတဲ့စိတ်ဓာတ်နဲ့ သင်ချဉ်းကပ်ကြည့်ပါ။ ဂျူလီယက်ဆီဇာတစ်ဦး၊ ဆလင်နာမှ ကက်သရင်းတစ်ဦး၊ လီယိုနာဒိုဒါဗင်ချီတစ်ဦးလို သာမန်လူသားတစ်ဦး

mgyoe.com

mgyoe.com

မတုတ်တဲ့ အဆင့်မြင့်ပုဂ္ဂိုလ်တစ်ဦးအတွက်ဖြစ်တယ်လို့ သင်ခံစားမိနိုင်ပါလိမ့်မယ်"

ခရစ္စတိုဖာ အစ်ရှ်ဝါဝုဒ် (၁၉၀၄ - ၈၆)
ရာမာခရစ္စနာနှင့် သူ၏ တပည့်နောက်လိုက်
သာဝကများနှင့်ပတ်သက်၍
ပြောကြားသည့်စကား။

mgyoe.com

mgyoe.com

# မစ်ခေးလ် ဂေါ်ဘာချော့ဗ်



၂၁ ရာစုသို့ဝင်ရောက်ခြင်း

၁၉၉၄ ခုနှစ် မတ်လ ၂ ရက် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ဒုတိယအကြိမ်မြောက် ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံတွင် ပြောကြားသည့်မိန့်ခွန်း။

- မစ်ခေးလ်ဆာဂျီယေဗစ်ဂေါ်ဘာချော့ဗ်ကို ၁၉၃၁ မတ်လ ၂ ရက်နေ့တွင် ပရီဗိုနိုယေမြို့၌ မွေးဖွားခဲ့၊ မော်စကိုတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ကာ ကွန်မြူနစ်ပါတီသို့ဝင်ရောက်ခဲ့[၁၉၅၂]၊ ရာယီဆာနှင့်လက်ထပ်၊
- စတာဗရိုပိုကွမ်ဆိုဗိုမြို့ ကော်မီတီပထမအတွင်းရေးမှူး[၁၉၅၅-၅၈]၊ ဗဟိုကော်မတီဝင်[၁၉၇၁]၊ အတွင်းရေးမှူး၊ ကွန်မြူနစ်ပါတီ[၁၉၇၈-၈၅]၊ အထွေထွေအတွင်းရေးမှူးချုပ်၊ ကွန်မြူနစ်ပါတီ[၁၉၈၅]၊ ဒုတိယအကြီးအကဲ ဆိုဗီယက်ဦးသျှောင်အဖွဲ့[၁၉၇၀-၉၀]၊ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံသမ္မတ[၁၉၈၈]၊
- ၁၉၈၅ နှင့် ၁၉၉၀ အကြား ပယ်ရီစထရွိုက်ကာ [ပြန်လည်တည်ဆောက်ရေး]နှင့် ဂလပ်စနော့[ပွင့်လင်းမှု]အစီအစဉ်ကို စမ်းသပ် အကောင်အထည်ဖော်ခဲ့၊ အရှေ့ဥရောပတွင် ကွန်မြူနစ်အုပ်စိုးမှု အဆုံးသတ်သွား၊ အနောက်နှင့် လက်နက်ဖျက်

mgyoe.com

mgyoe.com


သိမ်းရေး သဘောတူညီချက်စာချုပ်များ ချုပ်ဆိုခဲ့၊

- ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိ[၁၉၉၀]၊ လီနင်ဆုတံဆိပ်၊ အလုပ်သမားအောင်လံတံခွန်နီနှင့် ဂုဏ်ထူးဆောင်တံဆိပ်များရရှိ၊ ဂေါ်ဘာချော့ဗ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ[၁၉၉၂]၊ နိုင်ငံတကာကြက်ခြေစိမ်းအဖွဲ့ [Green Cross International] ကို ဖွဲ့စည်းထူထောင်ခဲ့သည် [၁၉၉၃]။

mgyoe.com

mgyoe.com

## ၂၁ ရာစုသို့ဝင်ရောက်ခြင်း

"ကျွန်တော့်အနေနဲ့ ဒီညီလာခံကြီးရဲ့လုပ်ငန်းစဉ်တွေမှာ စစ်အေး ကာလအဆုံးသတ်သွားခြင်းရဲ့ ရလဒ်တစ်ချက်ဖြစ်တဲ့ ကမ္ဘာ့ အဖွဲ့အစည်းသစ်ကြီးတစ်ခုဖွဲ့စည်းမှုနဲ့စပ်ဆိုင်တဲ့ ပြဿနာတွေ ကို ဆွေးနွေးဖို့အဆိုပြုထားတဲ့အတွက် တကယ့်ကိုအချိန်အခါမီကျင်းပတဲ့ ညီလာခံတစ်ခုဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါ့အပြင် ဒီညီလာခံကျင်းပ တဲ့ အချိန်အခါနဲ့နေရာကလည်း ထူးခြားတဲ့အဓိပ္ပာယ်တွေပေးနေတယ်လို့ ကျွန်တော်ထင်ပါတယ်။

ဒီကနေ့ ကျွန်တော်တို့ စုဝေးရောက်ရှိနေတဲ့ ကိုရီးယားကျွန်းဆွယ် ဟာ မကြာခင်ကာလတွေအတွင်းက ကြီးမားတဲ့အပြောင်းအလဲတွေ ရှိခဲ့ပေ မဲ့လည်း ခု ကမ္ဘာ့အဖွဲ့အစည်းသစ်ကြီး ဖွဲ့စည်းဆောင်ရွက်မယ့် လုပ်ငန်းစဉ် တွေကို အကြီးအကျယ်ရှုပ်ထွေးသွားစေနိုင်တဲ့ ကမ္ဘာရဲ့ အဆူပူဆုံးနေရာ' တွေထဲက တစ်နေရာ၊ မတည်ငြိမ်မှုနဲ့ စစ်ရေးပဋိပက္ခတွေ ပေါ်ပေါက်လာ နိုင်ဖွယ်ရှိတဲ့ နယ်မြေတစ်ခု ဆက်လက်ဖြစ်နေဆဲပဲဖြစ်ပါတယ်။

ကျွန်တော့်အယူအဆအရတော့ လက်ရှိတင်းမာမှုတွေ အရှိန်မြင့် တက်နေခြင်းဟာ ပဋိပက္ခတွေရဲ့ သဘာဝလက်တွေ့မကျတဲ့ အခြေအနေ တစ်ရပ်၊ အစိုးရနဲ့နိုင်ငံအကျိုးစီးပွားတွေအတွက် ဖြစ်ပွားတဲ့ သွယ်ဝိုက်ပဋိ ပက္ခများထဲက တစ်ခုကနေ ပေါက်ဖွားလာခြင်းဖြစ်တယ်လို့ မြင်ပါတယ်။ ဒီ သဘာဝအလျောက် ဖြစ်ပေါ်လာတာမဟုတ်တဲ့၊ ဂရုတစိုက် သေသေချာ

mgyoe.com

mgyoe.com

ချာ စီမံဖန်တီးထားတဲ့၊ တမင်ရည်ရွယ်ချက်နဲ့ အရှိန်မြင့်တက်အောင် ပြု လုပ်ခဲ့ကြတဲ့ တင်းမာမှုတွေဟာ ဒီဇာတ်လမ်းမှာ ပါဝင်ကပြနေတဲ့နိုင်ငံတွေ အတွင်းက ဖိအားပေးတဲ့အုပ်စုတွေရဲ့ သတ်သတ်မှတ်မှတ်အကျိုးစီးပွားတွေ ထဲမှာ အမြစ်တွယ်နေပြီဖြစ်ပါတယ်။

စစ်အေးပြီးဆုံးမှုက ကျွန်တော်တို့ကို ၂၁ ရာစုထဲကို ယုံကြည်စိတ်ချ စွာဝင်ရောက်ကြဖို့ ဧရာမအခွင့်အရေးကြီးတစ်ခု ပေးလိုက်တာပါပဲ။ ဒါတင် မကဘဲ အဲဒီအခွင့်အရေးဟာ အရင်ကဖြစ်ပျက်ခဲ့သလို၊ အိုဗျာ–ကျွန်တော် တို့ရဲ့ မဝေးလှတဲ့သမိုင်းထဲကလို ဆုံးရှုံးသွားလို့မရဘူး။ မှတ်မိသလောက် ပြောရရင် ဥပမာ–ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားဖို့ ထားခဲ့ကြတဲ့ ဧရာမ မျှော်လင့်ချက်ကြီးလိုပါပဲ။ ဒါပေမဲ့ လူသားသမိုင်းရဲ့ သွေးအစွန်းဆုံး စစ်ပွဲ ကြီးအပေါ် အောင်ပွဲခံနိုင်ခဲ့တဲ့ ဖက်ဆစ်ဆန့်ကျင်ရေး မဟာမိတ်နိုင်ငံတွေ ဟာ အဲဒီအချိန်က နိုင်ငံတကာစနစ်ကြီးကို ပြုပြင်ပြောင်းလဲဖို့ အခွင့်အလမ်း ကို မဖြည့်ဆွက်နိုင်ခဲ့ကြဘူး။

၁၉၄၅ ခုနှစ်မှာ ဝင်ရိုးတန်းအင်အားနိုင်ငံတွေ စစ်ရှုံးသွားပြီးတဲ့နောက် အင်အားအုပ်စု ပြန်လည်စုဖွဲ့မှုတွေပေါ်ပေါက်လာပြီး ယူအက်စ်အက်စ်အာရ် ရဲ့ စစ်ကာလမဟာမိတ်တွေထဲမှာ သူတို့ရဲ့ပြိုင်ဘက်ရန်သူတွေနဲ့ စခန်း တစ်ခုတည်းမှာ အဆုံးသတ်သွားခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ဥရောပထဲ မှာ အင်အားချိန်ခွင်လျှာထိန်းညှိမှုအပေါ် အခြေခံထားတဲ့ နိုင်ငံတကာအဖွဲ့ အစည်းဟာ စစ်ပွဲရဲ့ရလဒ်တစ်ခုအဖြစ် တစ်စတစ်စပဲ့ထွက်ပြီး ယိမ်းယိုင် ပြိုလဲသွားခဲ့ရတယ်။ ပြီးတော့ ဥရောပရဲ့ အင်အားပါဝါ လစ်ဟာမှုကြီး တစ်ခု အင်အားအတောင့်တင်းဆုံးအဖွဲ့ကြီးနှစ်ခုဖြစ်တဲ့ ယူအက်စ်အက်စ် အာရ်နဲ့ အမေရိကန်ပြည်ထောင်စုထဲမှာ ပေါ်ပေါက်လာပြီး ဒီအချက်ကြောင့် ရှောင်ရှား လို့မရဘဲ ပဋိပက္ခတွေဖြစ်ပွားတဲ့အခြေအနေကို မလွဲမသွေရောက် ရှိခဲ့တာပါပဲ။ အဲဒီကမှ ပထဝီနိုင်ငံရေးကိုအကြောင်းပြုတဲ့ ရန်သူတွေအဖြစ် ပြောင်းလွဲသွား ရာက စစ်အေးတိုက်ပွဲ စတင်ပေါ်ပေါက်လာခြင်းဖြစ်တယ်။

သူ့ရဲ့ ဒီဖြစ်စဉ်သဘောတရားနဲ့ ရည်မှန်းချက်ပန်းတိုင်ထဲမှာ စစ် အေးဟာ ဆိုဗီယက်ယူနီယံ၊ အမေရိကန်နဲ့ သူတို့ရဲ့မဟာမိတ်တွေကြားမှာ သူတို့ရဲ့ ကိုယ်ပိုင်အကျိုးစီးပွားအတွက် ကမ္ဘာ့ပထဝီနိုင်ငံရေး ချိန်ညှိချက်

mgyoe.com

mgyoe.com


ကိုပြောင်းပစ်ဖို့ ကျားကုတ်ကျားခဲ အလုအယက်ယှဉ်ပြိုင်မှုကြီး ဖြစ်လာတယ်။ စစ်ရေးပဋိပက္ခတွေ၊ လက်နက်ပြိုင်ဆိုင်မှုနဲ့ဘေးကျပ်နံကျပ်ပြဿနာတွေက စစ်အေးကိုဖန်တီးခဲ့တာပဲ။ သဘာဝအတိုင်း ခုလိုမျိုးအခြေအနေတွေအောက်မှာ ပဋိပက္ခတွေကို ပျံ့နှံ့မသွားအောင်မလုပ်နိုင်သလို အရေးကြီးတဲ့ပြဿနာတွေကိုလည်းဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ ပြဿနာအရေအတွက်ကတော့ ဆက်ပြီးတိုးပွားလာနေတယ်။ အဖြစ်မှန်အားဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေဟာ အပြည့်အဝ အကောင်အထည်မဖော်နိုင်ဘဲ သူတို့ရဲ့စွမ်းဆောင်နိုင်စွမ်း အရည်အသွေးကို ပိတ်ပင်ခံနေရတယ်။ အစိတ်စိတ်အပိုင်းပိုင်းကွဲနေတဲ့ ကမ္ဘာကြီးတစ်ခုမှာ ကမ္ဘာလုံးဆိုင်ရာပြဿနာတွေဟာ အမြဲတမ်းခြိမ်းခြောက်ခံနေရပြီး ဖြေရှင်းချက်မရဘဲ မသေချာမရေရာတဲ့အနာဂတ်တစ်ခုကို အမြဲရွေ့ဆိုင်းခံထားရတယ်။

ဒီလိုနဲ့ မကြာခင်နှစ်တွေအတွင်းက နိုင်ငံတကာယှဉ်ပြိုင်မှုနယ်ပယ်မှာ ပေါ်ပေါက်ခဲ့တဲ့ ကြီးမားတဲ့အပြောင်းအလဲတွေ တစ်သီကြီးက ခေတ်မီနိုင်ငံရေးဒီပနီအဖြစ်နဲ့ ကမ္ဘာ့အဖွဲ့အစည်းသစ်တစ်ခုဖွဲ့စည်းဖို့ စိတ်ကူးအကြံအစည်ကို သယ်ယူလာခဲ့တယ်။ ဒီလိုဖြစ်အောင် အခြေအနေသုံးခုက အရေးပါတဲ့အခန်းကနေ ပါဝင်ဖန်တီးခဲ့တာပဲ။

ပထမ ယူအက်စ်အက်စ်အာရ်မှ စတင်ခဲ့တဲ့ ပယ်ရီစထရွိုက်ကာဟာ အကြွင်းမဲ့အာဏာရှင်စနစ်ကျင့်သုံးတဲ့ ယူအက်စ်အက်စ်အာရ်ထဲက နိုင်ငံတွေနဲ့ အရှေ့ဥရောပနိုင်ငံတွေ တစ်ပြိုင်တစ်ခေါင်းမှာရှိတဲ့ အစိုးရတွေကို တဖြည်းဖြည်း ပြိုပျက်သွားစေရုံမကဘဲ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ကမ္ဘာ့အဝန်း ဒီမိုကရေစီစနစ်ကျင့်သုံးရေးလုပ်ငန်းစဉ်တွေကိုပါ အလျင်အမြန်စောစီးစွာ ဆောင်ရွက်ပြီးမြောက်စေခဲ့ခြင်းဖြစ်တယ်။

ဒုတိယအနေနဲ့ ၁၉၈၀ ပြည့်နှစ်များအလယ်မှာ သော့ချက်ကျတဲ့နိုင်ငံတွေက တာဝန်ရှိတဲ့မူဝါဒတွေကိုချမှတ်ရေးနဲ့ပတ်သက်လို့ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဖွံ့ဖြိုးကျယ်ပြန့်ခဲ့တဲ့၊ ပြီးတော့ လွန်ခဲ့တဲ့ရာစုနှစ်မှာ သန္ဓေတည်ခဲ့ပြီး လူသားတွေကို ထွက်ပေါက်မရှိဘဲ ချောင်ပိတ်နေမယ့်အခြေအနေဆီဦးတည်သွားစေတဲ့ နိုင်ငံတကာ ဆက်ဆံရေးစနစ်ကို ဝန်ခံအသိအမှတ်ပြုဖို့ ခွန်အားနဲ့သတ္တိတွေ ရှာဖွေတွေ့ရှိခဲ့တာဖြစ်တယ်။

mgyoe.com

mgyoe.com


တတိယအကြောင်းရင်းအခြေအနေကတော့ သူ့ရဲ့သမိုင်းမှာ ကြေကွဲစရာအကောင်းဆုံးနဲ့ အကျိုးဆက်အနေနဲ့လည်းအန္တရာယ်များလှတဲ့ ပထဝီနိုင်ငံရေးအနေအထားတစ်ခုလုံးကို အခြေခံကျကျ ပြောင်းလဲပစ်လိုက်တဲ့ ဆိုဗီယက်ယူနီယံကြီး ပြိုကွဲသွားခြင်းပါပဲ။ ကမ္ဘာ့ချိန်ခွင်လျှာလည်း ရစရာမရှိအောင် ပျက်ပြားသွားတယ်။ အာရှနဲ့ဥရောပ နှစ်တိုက်လုံးနဲ့သက်ဆိုင်တဲ့နယ်မြေဒေသတွေမှာ မတည်ငြိမ်တဲ့ အပိုင်းအခြားနယ်မြေရပ်ဝန်းတွေ ပေါ်ထွက်လာသလို ဖျက်အားပြင်းလက်နက်တွေအပါအဝင် လက်နက်မျိုးစုံတွေနဲ့လည်း ဗုံးပေါလအောပြည့်လျှံနေပါတယ်။

ဒီအခြေအနေတွေရဲ့ ရလဒ်တစ်ခုအဖြစ် ကမ္ဘာကြီးဟာ သူ့ကို ရှုပ်ရှုပ်ထွေးထွေးနဲ့ ဆန့်ကျင်ကွဲလွဲတဲ့အခြေအနေတစ်ခုထဲမှာ ပြန်မြင်တွေ့နေရတယ်။ တစ်ဖက်မှာ ကျွန်တော်တို့ဟာ ကမ္ဘာ့အဖွဲ့အစည်းသစ်ကြီးတစ်ခုကို တည်ဆောက်ဖို့ အခွင့်အလမ်းသစ်တွေရရှိခဲ့တယ်။ အဲ–တစ်ဖက်မှာတော့ ကျွန်တော်တို့ဟာ စိန်ခေါ်မှုတွေနဲ့ အန္တရာယ်တွေကို ရင်ဆိုင်နေရတယ်။ စစ်အေးရဲ့သင်ခန်းစာတွေကို ကျွန်တော်တို့ စဉ်းစားသုံးသပ်တဲ့အခါ ကမ္ဘာ့အဖွဲ့အစည်းသစ်ဟာ သူ့ဘာဖြစ်လာလိမ့်မယ်လို့ ကျွန်တော်တို့သိထားနိုင်တာထက် ပိုမဖြစ်သင့်ဘူးဆိုတာ ပိုသဲသဲကွဲကွဲနားလည်လာတယ်။ အကယ်၍ လက်ရှိအသွင်ကူးပြောင်းချိန်ကာလသာ ဒုတိယကမ္ဘာစစ်အပြီးမှာ ဖြစ်ခဲ့သလို အင်အားအုပ်စုတွေစုဖွဲ့တဲ့ကာလမျိုး နောက်တစ်ခုအဖြစ် ချိုးကွေ့ပြောင်းလဲသွားရင် ပါဝင်လှုပ်ရှားကပြသူတွေသာ အသစ်ဖြစ်မယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့စနစ်မျိုးကိုပဲ ပြန်လည်ထုတ်လုပ်ရလိမ့်မယ်ဆိုတာ လုံးဝဥဿုံ ရှင်းနေပါတယ်။

သေချာတာကတော့ နိုင်ငံရေးသမားတွေပဲဖြစ်ဖြစ်၊ သာမန်ပြည်သူလူထုပဲဖြစ်ဖြစ် ဘယ်သူတစ်ဦးတစ်ယောက်မှ စစ်အေးပြီးဆုံးသွားပြီးနောက် သိပ်မကြာလှသေးချိန် ဒီကမ္ဘာကြီးရဲ့ ကြီးမားတဲ့မတူကွဲလွဲခြားနားမှုတွေ ကျော်လွန်သွားချိန်မှာ ကျွန်တော်တို့အနေနဲ့ ကမ္ဘာ့အဖွဲ့အစည်းသစ်ရဲ့ အကောင်းဆုံးအခြေအနေတွေကို မကြန့်မကြာ ချက်ချင်းခံစားရလိမ့်မယ်လို့ စဉ်းစားခဲ့မှာမဟုတ်ပါဘူး။ မစဉ်းစား မတွေးတောခဲ့မိတာ သေချာပါတယ်။ ကမ္ဘာ့အဖွဲ့အစည်းသစ်နဲ့အဟောင်းအကြား ကျွန်တော်တို့တွေ အတူ

mgyoe.com

mgyoe.com

တကွပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ဆက်ဆံမှုနည်းလမ်းနဲ့ အခွင့်အလမ်းသစ်တွေကိုအသုံးချပြီး ကျော်ဖြတ်သွားရမယ့် အသွင်ကူးပြောင်းရေးကာလတစ်ခု ရှိနေပါတယ်။ ဒါပေမဲ့ ဒီနေ့ ကျွန်တော်တို့ သတိထားမိတာကတော့ ကံမကောင်းစွာနဲ့ ကမ္ဘာကြီးဟာ ဆူဆူပူပူ ကသောင်းကနင်းနဲ့ ကစဉ့်ကလျားဖြစ်နေတာပါပဲ။

ဘာပဲပြောပြော ၂၁ ရာစုထဲမှာ ကျွန်တော်တို့ဟာ ရုရှားနိုင်ငံမှာ ဘာတွေဖြစ်လာမလဲဆိုတဲ့အပေါ်မှာ အများကြီးမူတည်နေပါတယ်။ ရုရှားနိုင်ငံတိုးတက်ရန်းထလာတာ၊ တည်ငြိမ်မှုရရှိလာတာကို တွေ့မြင်ရရေး၊ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက်ကို ဆက်စပ်ထားတဲ့ရပ်ဝန်းကြီးတစ်ခုအဖြစ် မျိုး၊ အပြန်အလှန်အကျိုးပြုပြီး ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်တဲ့ ရပ်ဝန်းကြီးတစ်ခုအဖြစ်မျိုးနဲ့ စိန့်ပီတာစဘတ်ကနေ ဗလာဒီမာဗိုစတော့အထိ နယ်မြေအားလုံး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုတွေ တွေ့မြင်ရရေးဟာ လူသားအားလုံးရဲ့ အကျိုးစီးပွားအတွက်ဖြစ်ပါတယ်"

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

"ချစ်စွာသော မိတ်ဆွေများခင်ဗျား မိနစ်အနည်းငယ်အတွင်းမှာပဲ ကရင်မလင်နန်းတော် နာရီကြီးက သံစုံထိုးပြီးပြည်လာတော့မှာဖြစ်သလို ၁၉၉၆ ခုနှစ်လည်း ကုန်ဆုံးသွားတော့မှာဖြစ်ပါတယ်။ ဒါဟာ တကယ့်ကို ရင်ခုန်စိတ်လှုပ်ရှားစရာနဲ့ မျှော်လင့်ချက်တွေပြည့်လျှံနေတဲ့ သမယလည်း ဖြစ်ပါတယ်။ ဒီအခါသမယက ကျွန်တော်တို့ထံကို ပျော်ရွှင်မှုတွေရော၊ ဝမ်းနည်းမှုတွေကိုပါ ဆောင်ကြဉ်းလာခဲ့ပါတယ်။

ဒီအချိန်ဟာ ကျွန်တော်တို့အတွက်၊ ရုရှားနိုင်ငံတော်ကြီးအတွက် အခက်အခဲတွေရှိသလို အလွန်အမင်းအရေးကြီးလှပါတယ်။ ကျွန်တော့်ကို ယုံကြည်တဲ့အတွက်၊ သမ္မတရွေးပွဲမှာ ကျွန်တော့်ကို ထောက်ခံအားပေးခဲ့ခြင်းအတွက် ခင်ဗျားတို့ကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ ကျွန်တော် ခုလိုအောင်ပွဲခံနိုင်ခဲ့အောင် ခင်ဗျားတို့ရဲ့ ပုဂ္ဂိုလ်ရေးအရ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခဲ့ကြမှုအတွက်လည်း ကျေးဇူးတင်ပါတယ်။

ဒါကြောင့် ကျွန်တော့်ဘက်က တုံ့ပြန်ရမယ့်တာဝန်ဟာ ခင်ဗျားတို့ရဲ့ထောက်ခံမှုနဲ့၊ ခင်ဗျားတို့ရဲ့ယုံကြည်မှုအတွက် အလုပ်နဲ့အပြေပေးဖို့ ဖြစ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ နှစ်သစ်မှာ ကျွန်တော့်အတွက် အရေးကြီးဆုံးကတော့ ရုရှားလူမျိုးတွေရဲ့ဘဝ ပိုမိုတိုးတက်လာရေးနဲ့ အေးချမ်းမှုရှိရေးကိုသေချာစေဖို့ လုပ်ခလစာနဲ့ပင်စင်တွေကို အချိန်မီ အချိန်မှန်ပေးမယ်ဆိုတာယုံကြည်စိတ်ချနိုင်ဖို့နဲ့ နောက်ဆုံး ကျွန်တော် တို့နိုင်ငံကို တရားဥပဒေစိုးမိုးပြီး ရှင်သန်အောင်ပြုလုပ်ဖို့ပဲဖြစ်ပါတယ်။ လာမယ့်နှစ်သစ်ဟာ ရုရှားနိုင်ငံမှာ ပြန်လည်ပေါင်းစည်းညီညွတ်မှုနဲ့ ငြိမ်းချမ်းမှုတွေ ရရှိလာမယ့်နှစ်ဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

mgyoe.com

mgyoe.com

ကျွန်တော်တို့မှာ ကျွန်တော်တို့ကို ကျွန်တော်တို့ရဲ့သားသမီးတွေနဲ့ ကျွန်တော်တို့ရဲ့မြေးမြစ်တွေကို ထောက်ခံအားပေးအလုပ်အကျွေးပြုမယ့် တစ်ခုတည်းသောနိုင်ငံ ရှုရှားတစ်နိုင်ငံရှိနေပြီဖြစ်ပါတယ်"

ဘောရစ်ယဲ့ဆင်

၁၉၉၇ ခုနှစ် နှစ်သစ်မိန့်ခွန်း

mgyoe.com

mgyoe.com

# ဟီလာရီရော့ဒ်ဟာမ်း ကလင်တန်



<u>တိုတိုရှင်းရှင်းပြောရရင်</u>
<u>သူတို့ဟာအမျိုးသမီးတွေဖြစ်နေလို့ပါပဲ</u>

၁၉၉၅ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့ ဘေဂျင်းမြို့ ကုလသမဂ္ဂ ကမ္ဘာ့အမျိုးသမီးများ ညီလာခံတွင် ပြောကြားသည့်မိန့်ခွန်း။

- ဟီလာရီ ဒိုင်းယန်း ရော့ဒ်ဟာမ်း ကလင်တန်ကို ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် အီလီနွိုက်ပြည်နယ်၌ မွေးဖွားခဲ့၊ ဟတ်ရော့ဒ်ဟာမ်းနှင့် ဒေါ်ရိုသီရော့ဒ်ဟာမ်းတို့၏သမီးဖြစ်၊ ဝဲလ်လက်စလေကောလိပ်သို့ တက်ရောက်(၁၉၆၅)၊
- ယေးလ် ဥပဒေပညာသင်ကျောင်းတွင် သင်ကြားပြီးမြောက်၊ ကလေးသူငယ်များကာကွယ်ရေး ရန်ပုံငွေအဖွဲ့ အကျိုးဆောင် ရှေ့နေ(၁၉၇၃)၊ အောက်လွှတ်တော် စုံစမ်းစစ်ဆေးရေးကော် မတီဝန်ထမ်း(၁၉၇၄)၊
- ဘီလ်ကလင်တန်နှင့်လက်ထပ်(၁၉၇၅)၊ ဖေယက်တီဗီးလ်မြို့ အာကင်ဆောပြည်နယ် တက္ကသိုလ် ဥပဒေပညာမဟာဌာန တွင် တာဝန်ထမ်းဆောင်၊ သမီးချဲလ်ဆီးကိုမွေးဖွား(၁၉၈၀)၊ ကလေးသူငယ်နှင့် မိသားစုများအတွက် အာကင်ဆောပြည် နယ် ရှေ့နေများအသင်းကို ဖွဲ့စည်းထူထောင်၊
- အာကင်ဆောပြည်နယ်၏ နှစ်အတွင်း အထူးခြားဆုံးအမျိုး

mgyoe.com

mgyoe.com


သမီးအဖြစ် ရွေးချယ်သတ်မှတ်ခံရ[၁၉၈၃]၊ နှစ်အတွင်း အထူးခြားဆုံး ငယ်ရွယ်နုပျိုသူမိခင်အဖြစ် သတ်မှတ်ချီးမြှင့်ခံရ [၁၉၈၄]၊ အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှု ပြန်လည်ပြုပြင်ရေး လုပ်ငန်းအဖွဲ့အကြီးအကဲအဖြစ် သမ္မတဘီလ်ကလင်တန်၏ ခန့်အပ်ခြင်းကို ခံခဲ့ရသည်။

mgyoe.com

mgyoe.com

## တိုတိုရှင်းရှင်းပြောရရင် သူတို့ဟာ အမျိုးသမီးတွေဖြစ်နေလို့ပါပဲ

"ဒါဟာ တကယ့်ကို အောင်ပွဲခံအခမ်းအနားစစ်စစ်တစ်ခု၊ အိမ်မှာ၊ အလုပ်ခွင်မှာ၊ သူတို့ရဲ့ လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းကြားမှာ မိခင်တွေ၊ ညီမတွေ၊ အစ်မတွေ၊ သမီးတွေအဖြစ်နဲ့လည်းကောင်း၊ လေ့ယာသင်ကြားသူတွေ၊ အလုပ်သမားတွေ၊ နိုင်ငံသားတွေနဲ့ ခေါင်းဆောင်တွေအဖြစ်နဲ့လည်းကောင်း ဘဝရဲ့ ရှုထောင့်အခန်းကဏ္ဍတိုင်းမှာ အမျိုးသမီးတွေ ပြုလုပ်ဆောင်ရွက်ခဲ့တဲ့ အလုပ်အကျွေးပြုမှု၊ ကူညီရိုင်းပင်း ပါဝင်ဆောင်ရွက်မှုအတွက်ကျင်းပတဲ့ အောင်ပွဲခံအခမ်းအနားတစ်ခုပါပဲ။

ဒါ့အပြင် ဒီညီလာခံကြီးဟာ နေ့စဉ်နေ့တိုင်း နိုင်ငံတိုင်းမှာ အမျိုးသမီးတွေ အတူတကွ ပူးပေါင်းဆောင်ရွက်လာကြသလို နိုင်ငံအသီးသီးက အမျိုးသမီးတွေ အတူတကွစုဝေးရောက်ရှိလာပြီးကျင်းပတဲ့ အခမ်းအနားတစ်ခုလည်း ဖြစ်ပါတယ်။ လယ်ယာမြေတွေမှာ၊ စက်ရုံတွေမှာ ကျွန်မတို့အတူတကွဆောင်ရွက်နေပြီ။ ကျေးရွာဈေးတွေမှာနဲ့ စူပါမားကက်ဈေးကြီးတွေမှာ၊ နေအိမ်ဧည့်ခန်းတွေနဲ့ ဘုတ်အဖွဲ့အစည်းအဝေးခန်းမတွေမှာ အတူတကွဆောင်ရွက်နေကြတယ်။

နေအိမ်ခြံဝင်းထဲမှာ ကျွန်မတို့ကလေးတွေနဲ့ကစားနေရင်းဖြစ်ဖြစ်၊ ဒါမှမဟုတ် မြစ်တစ်မြစ်ဘေးမှာ အဝတ်လျှော်နေရင်းဖြစ်ဖြစ်၊ ဒါမှမဟုတ်

mgyoe.com

mgyoe.com
အကြောင်း အတူတကွပြောဆိုနေပြီဖြစ်တယ်။ ဒါတင်မကဘဲ ကျွန်မတို့ ပြောဆိုမှုတွေဟာ ကျွန်မတို့သားသမီးတွေနဲ့ မိသားစုတွေအကြောင်းကို တစ်လှည့်ရောက်သွားကြပြန်တယ်။

ကျွန်မတို့ချင်း မတူခြားနားသူတွေ ဘယ်လိုပဲဖြစ်ပါစေ ကျွန်မတို့ဟာ ကွဲပြားခြားနားခြင်းထက် စည်းလုံးညီညွတ်မှု ပိုရှိနေပါတယ်။ ကျွန်မတို့ဟာ ဘုံအနာဂတ်ကို ခွဲဝေပိုင်ဆိုင်ထားကြတယ်။ အဲဒီလိုကြောင့်ပဲ ကျွန်မတို့ဟာ တစ်ကမ္ဘာလုံးပေါ်မှာရှိနေတဲ့အမျိုးသမီးတွေနဲ့ မိန်းကလေးတွေအတွက် ဂုဏ်သိက္ခာနဲ့ လေးစားမှုအသစ်တွေရရှိအောင် ကူညီဆောင်ကြဉ်းပေးမယ်ဆိုတဲ့ ဘုံသဘောထားရပ်တည်ချက်ကို ရှာဖွေဖော်ထုတ်ဖို့ ဒီမှာ ခုလိုအတူတကွရောက်ရှိနေတာဖြစ်တယ်။ ခုလိုဆောင်ရွက်ခြင်းအားဖြင့် မိသားစုတွေအတွက် ခွန်အားနဲ့တည်ငြိမ်မှုအသစ်တွေပါ တစ်ပါတည်းရရှိလာပါလိမ့်မယ်။

ဘေဂျင်းမှာ အတူတကွ စုဝေးဆွေးနွေးခြင်းအားဖြင့် ကျွန်မတို့ဟာ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အလုပ်အကိုင်နဲ့ လေးစားဂုဏ်ယူခံရမှုအခွင့်အလမ်းတွေရရှိဖို့၊ အခြေခံကျတဲ့ တရားဝင်လူ့အခွင့်အရေးတွေခံစားခွင့်ရရှိဖို့နဲ့ သူတို့နိုင်ငံတွေရဲ့နိုင်ငံရေးမှာ အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်ရရှိဖို့ အမျိုးသမီးတွေနဲ့ မိသားစုတွေရဲ့ဘဝနဲ့စပ်ဆိုင်တဲ့ပြဿနာတွေပေါ်မှာ ကမ္ဘာက ပိုမိုအာရုံစိုက်လာအောင် ကျွန်မတို့ စူးစိုက်သုံးသပ်အဖြေရှာနေတာဖြစ်ပါတယ်။

ဒါဟာ နေရာအနှံ့မှာ ကမ္ဘာ့အပူတပြင်းနဲ့ အရေးအကြီးဆုံးအကျပ်အတည်းပြဿနာတွေအပေါ် အစိုးရတွေနဲ့ ပြည်သူတွေက မဖြစ်မနေ နားထောင်ကြည့်ရှု ရင်ဆိုင်ဖြေရှင်းလာကြအောင် လှုံ့ဆော်ပေးတဲ့ညီလာခံလည်းဖြစ်တယ်။

ဒါဟာ လွန်ခဲ့တဲ့ ၁၀ နှစ်က နိုင်ရိုဘီမြို့မှာကျင်းပတဲ့ အမျိုးသမီးများညီလာခံရဲ့နောက်မှာ ဒေသအလိုက် ပြည်တွင်းဆူပူအကြမ်းဖက်တွေ အပေါ်ကမ္ဘာက အာရုံစိုက်လာစေအောင် ပထမဆုံးအကြိမ်ပြုလုပ်တဲ့ညီလာခံမဟုတ်ပါလား။

ကမ္ဘာတစ်ဝန်းမှာ ကျွန်မတို့လေ့လာကြည့်ရှုနေတာဟာ အမျိုးသမီး

mgyoe.com

mgyoe.com


တွေကျန်းမာရင်၊ ပညာတတ်ရင် သူတို့ရဲ့မိသားစုတွေ အောင်မြင်ကြီးပွား တိုးတက်မယ်၊ အမျိုးသမီးတွေ အကြမ်းဖက်ရက်စက်မှုတွေနဲ့ ကင်းဝေးရင် သူတို့ရဲ့မိသားစုတွေ ရှင်သန်ဖွံ့ဖြိုးစည်ပင်မယ်၊ အမျိုးသမီးတွေအနေနဲ့ လူ့ဘောင်အသိုင်းအဝိုင်းအဖွဲ့အစည်းကြားမှာ တန်းတူညီမျှ အတူပူးတွဲ ပါဝင်ပြီး အပြည့်အဝအလုပ်လုပ်ကိုင်ဖို့ ဝင်ငွေရှာဖို့အခွင့်အရေးရှိမယ်ဆိုရင် သူတို့ရဲ့မိသားစုတွေ တင့်တယ်လှပဝေဆာလာမယ်ဆိုတာပဲ ဖြစ်ပါတယ်။ အဲဒီလို မိသားစုတွေ ရှင်သန်ဖွံ့ဖြိုးစည်ပင်ဝေဆာလာပြီဆိုရင် အဲဒီလူ့အဖွဲ့အစည်းနဲ့နိုင်ငံတွေလည်း ကြီးပွားတိုးတက်ရှင်သန်လာမှာပဲ။ ဒါဟာ ဒီ ကမ္ဘာမြေပေါ်မှာရှိနေတဲ့ အမျိုးသမီးတိုင်း၊ အမျိုးသားတိုင်း၊ ကလေးသူငယ်တိုင်း၊ မိသားစုတိုင်းနဲ့ နိုင်ငံတိုင်း ခုဒီမှာကျင်းပနေတဲ့ ဆွေးနွေးပွဲနဲ့ အကျုံးဝင်ဆက်စပ်နေတဲ့အချက်ဖြစ်တယ်။

ဒီညီလာခံကြီးရဲ့ ကြီးမားလှတဲ့စိန်ခေါ်မှုကြီးကတော့ နေရာတိုင်းမှာရှိတဲ့ သူတို့ရဲ့အတွေ့အကြုံတွေကို သတိထားအသိအမှတ်ပြုခြင်းမခံရတဲ့၊ သူတို့ရဲ့အသံကိုမကြားရတဲ့အမျိုးသမီးတွေနဲ့ပတ်သက်ပြီး ရင်ဖွင့်ပြောဆိုတင်ပြကြဖို့ပါပဲ။

ကမ္ဘာ့လူဦးရေထဲမှာ အမျိုးသမီးတွေ ထက်ဝက်ကျော်ပါဝင်တယ်။ ကမ္ဘာ့ဆင်းရဲဒုက္ခရောက်သူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ အမျိုးသမီးတွေဖြစ်ကြပြီး သူတို့ထဲကသုံးပုံနှစ်ပုံဟာ စာရေးစာဖတ်မသင်ကြားရသူတွေဖြစ်တယ်။

အမျိုးသမီးတွေဟာ ကမ္ဘာ့ကလေးသူငယ်နဲ့ သက်ကြီးရွယ်အိုအများစုကြီးကို အဓိကထိန်းသိမ်းပြုစုစောင့်ရှောက်နေကြသူတွေလည်း ဖြစ်တယ်။ ကျွန်မတို့လုပ်တဲ့ အလုပ်အများအပြားဟာ စီးပွားရေးပညာရှင်တွေ၊ သမိုင်းပညာရှင်တွေ၊ ထင်ရှားတဲ့အနုပညာရှင်တွေ၊ အစိုးရခေါင်းဆောင်တွေရဲ့ တန်ဖိုးထားခြင်းကို မခံကြရတာအမှန်ပါပဲ။

ခု ဒီမှာ ကျွန်မတို့ထိုင်နေတဲ့တစ်ချိန်တည်းမှာပဲ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့အမျိုးသမီးတွေဟာ မီးဖွားနေကြတယ်။ သားသမီးတွေကို ပြုစုစောင့်ရှောက်နေတယ်။ ထမင်း ဟင်း ချက်ပြုတ်နေတယ်။ အဝတ်လျှော်နေကြတယ်။ အိမ်တိုက်နေတယ်။ ကောက်စိုက်နေတယ်။ တပ်ဆင်ရေးလမ်းကြောင်းတွေမှာ အလုပ်လုပ်နေတယ်။ ကုမ္ပဏီတွေမှာလုပ်နေတယ်။

mgyoe.com